မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၃၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်း
စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်စေရေး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

ရန်ကုန် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာ အနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ *စာမျက်နှာ ၆ ကော်လံ ၁* ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အားကစားသတင်း နှင့် ဓာတ်ပုံအညွှန်း

❒ ဒါကြောင့်လဲ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ထွက်ပေါ်လာပြီး အဲဒီမူဝါဒလမ်းစဉ်အတိုင်း အောင်မြင်အောင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပဲလို့ ယုံကြည်တယ်လေ။ ဘယ်လို အနှောင့်အယှက် အဟန့်အတားနဲ့ပဲ တွေ့တွေ့ကြုံကြုံ တပ်မတော်သားတို့ရဲ့ သဘောသဘာဝအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးစီးပွားတစ်ခုကိုပဲကြည့်ပြီး အောင်မြင်အောင် မလွဲမသွေဖော်ဆောင်သွားမှာပဲ။

ဟိန်းမြင့်၏ အငြိမ်းစားတို့ စကားဝိုင်း(၁၅)၏ ဆောင်းပါး (စာ-၁၀)

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ
အာရှမှ ဆော်ဒီအသင်း ဘယ်လိုနေမလဲ

ကမ္ဘာတစ်လွှားအားကစား (စာ-၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၄ ရက်)

ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး သယ်ပိုးလိုစိတ် အစဉ်ရှင်သန်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ရာ စည်းရုံးသူများဖြစ်ရေးနှင့် တည်ဆောက်သူများဖြစ်ရေး လေ့ကျင့်ပျိုးထောင်နေကြရမည် ဖြစ်သည်။ နိုင်ငံလူဦးရေ ၅၄သန်းကျော်ရှိသည့်အနက် အသင်းဝင်အင်အား ၂၃သန်းကျော်ရှိရာ အသင်းဝင်များအားလုံး အရေအတွက်မှသည် အရည်အချင်းပြည့်ဝစေရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

လေ့ကျင့်မှုတိုင်းသည် ကြီးမားလေးနက်သည့် ရည်မှန်းချက်များရှိသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် မေလ၂၂ရက်နေ့က အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၁)ကိုလည်း ဖွင့်လှစ်ခဲ့သည်။

အထူးသင်တန်း တက်ရောက်ကြသူများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များ ဖြစ်ကြသည့်အတွက် အသင်းကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန် စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် မိမိတို့၏ နယ်မြေအသီးသီးတွင် ရှေ့တန်းကတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်သည်။ မိမိတို့ကိုယ်တိုင် အရည်အချင်း တိုးတက်မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုအားကို တည်ဆောက်ပြီး နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အသင်းဝင်များ အနေဖြင့် နယ်မြေလူထုအတွင်း တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြရင်း အသင်းကြီးနှင့်အတူ လူထုတစ်ရပ်လုံး တက်ကြွစွာ လိုက်ပါဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်လာနိုင်ကြမည်ဖြစ်သည်။

လေ့ကျင့်ပျိုးထောင်ရေး ရှေ့လုပ်ငန်းစဉ်ကို ဖော်ဆောင်ရာ၌ ၂၀၀၆ခုနှစ် ခါနွေဦးကာလတွင် ဗဟိုအဆင့်မှ ကျေးလက်အဆင့်အထိ နေရာပေါင်း ၂၅၄၀၆နေရာ၌ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာရေးရာ သင်တန်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ စီမံခန့်ခွဲရေး သင်တန်းများ၊ အသက်မွေးမှု အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပြီး အင်အား ၃၀၀၂၁၂၈ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်။

လေ့ကျင့်ပျိုးထောင်မှုများကြောင့် အချုပ်အခြာအာဏာ၏ တန်ဖိုး၊ ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၏တန်ဖိုးကို နားလည်ပြီး ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လိုသူများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ထိန်းသိမ်းလိုသူများ၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြတ်နိုးတွယ်တာ ကာကွယ်စောင့်ရှောက်လိုသူများ ရရှိစေသည်။ အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်း၊ အရည်အသွေးမြင့်မားမည့် နိုင်ငံ့သားကောင်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းရာထောင်ချီပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် လွတ်လပ်သည့်အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့၍ ကမ္ဘာ့အလယ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဟူ၍ ထည်ဝါစွာ ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် သင်တန်းသားများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များဖြစ်၍ နိုင်ငံတော်၏ ပကတိအရှိတရားကိုသိမြင်ပြီး မိမိထမ်းဆောင်နေရသည့် တာဝန်၏အရေးပါမှုကို နားလည်ရမည်။ အရည်အသွေး၊ အရည်အချင်းတိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နေရမည်။ တိုင်းရင်းသားပြည်သူများအကြား ဒို့တာဝန် အရေး(၃)ပါး ခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်လိုစိတ်များ အစဉ်ရှင်သန်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒိုက်ဦး-မြစ်ကျိုး-ညောင်ခါးရှည်လမ်း ရာသီမရွေးသွားနိုင်အောင်ပြုပြင် အမာခံလမ်းမှကျောက်လမ်း၊ ကျောက်လမ်းမှကတ္တရာလမ်းသို့တိုးမြှင့်ဆောင်ရွက်

ရန်ကုန် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ဒိုက်ဦးမြို့မှတစ်ဆင့် ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒိုက်ဦး-မြစ်ကျိုး-ညောင်ခါးရှည်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက် လမ်းတာပေါင်မြေဖို့ဆောင်ရွက်ထားရှိမှု၊ နဂါးပေါက်ချောင်းတံတားနှင့် စစ်တောင်းတူးမြောင်းသစ်တံတားတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးက အဆိုပါလမ်းသည် မြိတ်-မော်လမြိုင်မှ မန္တလေးသို့ သွားရာတွင် ဖြတ်လမ်းဖြစ်၍ ရာသီမရွေးသွားလာနိုင်အောင် မြေသားတာပေါင်အား တောင်မြေကို လမ်းပုံစံကျရန် ကြိတ်၍ ပြုပြင်ဆောင်ရွက်ပြီး အမာခံလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်ဆင့်တိုးမြှင့် ဆောင်ရွက် သွားရန် တာဝန်ခံ အင်ဂျင်နီယာများအားမှာကြား၍လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လျော့နည်းသက်သာမည်

ဒိုက်ဦး-မြစ်ကျိုး-ညောင်ခါးရှည်လမ်းမှာ ရန်ကုန်-မော်လမြိုင်-မြိတ်လမ်း မိုင်တိုင် ၈၁မိုင် ၄ဖာလုံမှ ရန်ကုန်-မန္တလေးလမ်းမိုင်တိုင် ၈၄မိုင် ၅ဖာလုံသို့ဖြတ်၍ ဖောက်လုပ်ထားပြီး ၂၁မိုင် ၂ဖာလုံအရှည်ရှိ၍ မော်လမြိုင်မှ မန္တလေးသို့သွားလိုလျှင် ယခင်လမ်းဟောင်းထက် ၂၃မိုင် ၅ဖာလုံ လျော့နည်း သက်သာမည်ဖြစ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်း တံတား(မုပ္ပလင်) သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးက တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ အပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယခုအခါ ပင်မတံတားသံပေါင်တပ်ဆင်မှုမှာ မုပ္ပလင်ဘက်မှ တပ်ဆင်လာရာ အရှည် ၃၄၁ပေ အခန်းလေးခန်းရှိရာ သုံးခန်းတပ်ဆင်ပြီးစီး၍ တစ်ခန်းသာလျှင် ကျန်ရှိသည်။ ချဉ်းကပ်တံတားမှာ မုပ္ပလင်ဘက်၌ တစ်တိုင်သာ အပြီးသတ်ဆောင်ရွက်ရန် ကျန်ရှိပြီး ဝေါဘက်၌ တံတားတိုင် ၁၂တိုင်မှာ ဘိုးပိုင်တူးခြင်းလုပ်ငန်း ရှစ်တိုင် ပြီးစီးပြီး ပိုင်တိုင်ထိပ်အုပ် သုံးတိုင်ဆောင်ရွက်ပြီး ကျန်ဘိုး ပိုင်နှင့် တံတားတိုင်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီ၊ ပိုစတာနှင့် ကာတွန်း၊ ပိုစတာပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၂၃

ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နဝမအကြိမ်ကွန်ပျူတာ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို မေ၁၃ရက်က လွိုင်ကော်မြို့ အစိုးရကွန်ပျူတာကောလိပ်၌ လည်းကောင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း ကျင်းပသည်။ **(သတင်းစဉ်)**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူနိုင်ရန် ညောင်ဦးမြို့ သီလရင်စုရပ် ဦးဇော်လတ်အောင်-ဒေါ်ဝင်းဝင်းခိုင်၊ သား ဖြိုးစည်သူမောင် မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို မေ၃ရက်က ဘုရားကြီး အလှူခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄း၂၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	လက်စွမ်းပြပဟန် ဂီတသံ
၄း၄၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၅း၁၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၄၃)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	English Usage
	၂၁။	ဗီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ရေငွေ့သုံး ဆန်အရောင်တင်စက်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်း သတင်းအကျဉ်း
၇း၄၀	နိုင်ငံတကာ အနုပညာရေးရာ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	မုချမသွေ သေစေနိုင်သော ခွေးရူးပြန်ရောဂါ သတိပြု၍ ကာကွယ်ပါ (ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	Learning English (Tools)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	Graphic Desing-1 (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ကောင်းမွန်စွာ စားသုံးဖို့ မြေပဲယို၊ နှမ်းယိုပြုလုပ်စို့
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	Myanmar Video Rhythm
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	ကျွန်းသင်းသတ်ခြင်းလုပ်ငန်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ လူမှုဝန်ထမ်းလုပ်ငန်းများ ကြည့်ရှု လူမှုရေးအသင်းနှင့်စေတနာရှင်များ ပူးပေါင်းဆောင်ရွက်ရေး မှာကြား

ရန်ကုန် မေ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း လိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာနသို့ရောက်ရှိပြီး ဝန်ကြီးအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ညွှန်ကြားရေးမှူးများက မီးသတ်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် အမှတ် ၆၄ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဖွဲ့စည်းပုံနှင့် ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်၏ မူဝါဒအား အကောင်အထည်ဖော်ရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပူးပေါင်း၍ မိမိလုပ်ငန်းရပ်များ ပီပြင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာအေး လူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်များ၊ ကျောင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကမ္ဘာအေးလူငယ်သင်တန်းကျောင်း၌ စောင့်ရှောက်ထားသော ကလေးသူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့သွားရောက်ပြီး အိမ်တွင်းမှုသက်မွေးပညာ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုးလုပ်ငန်းခွင်များ၊ ထမင်းစားဆောင်နှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကမ္ဘာအေး လူငယ်သင်တန်းကျောင်းတွင် စောင့်ရှောက်ထားသော ကလေးသူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရွှေပြည်သာမြို့နယ် နယူးမတ်အထည်ချုပ်စက်ရုံမှ ပျောက်ဆုံးသွားသော ပိတ်လိပ်မျိုးစုံ ၃၅လိပ် တန်ဖိုး ၁၅သိန်းခန့်အား ရွှေပြည်သာရဲစခန်းက စုံစမ်းရှာဖွေခဲ့ရာ ပြန်လည်တွေ့ရှိသဖြင့် မေ၂၃ ရက်တွင် ပိုင်ရှင်ဖြစ်သူ နယူးမတ်စက်ရုံမန်နေဂျာ ဒေါ်နိုင်နိုင်ဦးထံ ရွှေပြည်သာရဲစခန်းမှူး ရဲအုပ်သန်းအောင်က ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။ (က-ပ)

မြို့သစ်မြို့နယ်အသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

ရန်ကုန် မေ ၂၃

မကွေးတိုင်းမြို့သစ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို မေ ၂၇ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

မြို့သစ် မြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ပါ၍ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် သားသမီးများ စာရင်းကို အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၉၂၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးသာအောင် ဖုန်း-၆၄၁၆၇၉နှင့် အတွင်းရေးမှူး ဗိုလ်ကြီး လှရွှေ(ငြိမ်း) ဖုန်း-၅၅၅၄၇၃ တို့သို့ ကြိုတင်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများအကြောင်း ရှင်းလင်း

ရန်ကုန် မေ ၂၃

M.Y Associates Co., Ltd. နှင့် Federal Mogul Corporation တို့က ကြီးမှူးကျင်းပသော FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများ အကြောင်း ရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ အလုံလမ်းရှိ ဆမ်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် M.Y Associates Co., Ltd. မှ CEO ဦးရဲထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Federal Mogul Corporation မှ Asia Pacific Sales Director, Mr. Augustino Sorrentino က FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများအကြောင်းကို အပိုင်းသုံးပိုင်းခွဲကာ ရှင်းလင်း တင်ပြပြီး တက်ရောက်လာသော ဧည့်သည်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများသည် မြေတူးစက်များ၊ မြေသယ်စက်များ၊ ယန္တရားကြီးများ၊ ငါးဖမ်းသင်္ဘော အင်ဂျင်များ၊ မီးစက်များတွင် အသုံးပြုနေသော Caterpiller, Cummins, Detroit Diesal, International, John Deere, Komatsu, Mack Waukesha, White Superior Engine များအတွက် Piston , Liner, Gasket, Ring ,Bearing, Valve အစရှိသည့် အင်ဂျင် အစိတ်အပိုင်းများ ဖြစ်ပြီး M.Y Associates Co., Ltd.သည် FP ဒီဇယ်အင်ဂျင်အစိတ်အပိုင်းများ အပါအဝင် CHAMPION Spark Plugs, Beral Clutch Discs, AE Engine Component: PAYEN oil Sales, National Oil Sales, SKF Rolling Bearings and Maintenance ပစ္စည်းများ၊ OPTIBELT , TRWLUCAS, PETRONAS Lubricants နှင့် MILITEC-1 Metal Conditioner အစရှိသည့် ကုန်ပစ္စည်းများကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။ ကုမ္ပဏီနှင့် ဆက်သွယ်လိုပါက အမှတ် ၂၁၆ ဗိုလ်ချုပ်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၉၂၅၀၂၊ ၃၉၂၅၀၃၊ ၃၉၂၅၈၈နှင့် ၃၉၂၈၂၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

FP ဒီဇယ်အင်ဂျင် အစိတ်အပိုင်းများအကြောင်း ရှင်းလင်းပွဲတွင် CEO ဦးရဲထွဋ်က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တောများ အဓိကအခန်းမှပါဝင် လုပ်ငန်းအဖွဲ့လိုက် လုပ်ငန်းအစီရင်ခံစာများ ပုံမှန်ပေးပို့

နေပြည်တော် မေ ၂၃

မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို မေ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ယခင် ဒုတိယအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ မြစ်ချောင်းများ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် ရေဝေရေလဲဒေသရှိ သစ်တောများ ထိန်းသိမ်းကာကွယ်ရေး၊ သားငါး၊ ပုစွန်များ ပုံမှန်ထုတ်ယူ စားသုံးနိုင်ရန် ဒီရေတောများထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒုတိယဝန်ကြီးများအနေဖြင့် တာဝန်ကျရာ ပြည်နယ်နှင့်တိုင်းများသို့ သွားရောက်၍ ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများနှင့်ညှိနှိုင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံချက်များရေးဆွဲ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ တွေ့ရှိချက်များကို လေးလတစ်ကြိမ် အစီရင်ခံစာများ ပြုစုပေးပို့ရေးတို့နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ပုံမှန်ပေးပို့

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်၌ အရေးကြီးဆုံးလုပ်ငန်းတစ်ခု ဖြစ်လာကြောင်း၊ မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ မြစ်များမတိမ်ကောရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးပါကပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ငွေကုန်ကြေးကျကြီးမားစွာဖြင့် ဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် အထူးလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒုတိယဝန်ကြီးများအနေဖြင့် ပြည်နယ်တိုင်းများသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပြီး အစီရင်ခံစာများ ပုံမှန်ပေးပို့ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအရ အထူးလုပ်ငန်းအဖွဲ့များ၏ အမည်စာရင်းများ၊ ပြည်နယ်နှင့်တိုင်း လုပ်ငန်းအဖွဲ့ အမည်စာရင်းများ၊ အစည်းအဝေးမှတ်တမ်းများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာများ လက်ခံရရှိထားမှုတို့ကို ဆွေးနွေးသည်။

ဆောင်ရွက်ထားရှိမှုတင်ပြ

ယင်းနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့များ၏ တာဝန်ခံများဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာ၌ သစ်တောများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သဖြင့် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် အထူးလုပ်ငန်း အဖွဲ့လိုက် လုပ်ငန်းအစီရင်ခံစာများကို ပုံမှန်ပေးပို့ တင်ပြသွားရန် နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိမ်းလန်းသာယာ ပြည်မြန်မာ သယံဇာတ တောမှရ၏

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၆)

World No-Tobacco Day

(31-5-2006)

“ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ် သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား”

Tobacco deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန

ကြယ်အဆင့်ရှိ ဟိုတယ်ပေါင်း ၁၁၀ အိုလံပစ်ပွဲအမီ တရုတ်၌ ထပ်မံတည်ဆောက်မည်

ပေကျင်း မေ ၂၃

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲအတွင်း တိုးမြင့်လာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ကြယ်အဆင့် ဟိုတယ် ၁၁၀ခန့်ကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း တရုတ် ခရီးသွားလုပ်ငန်းဗျူရိုအဖွဲ့က မေ ၁၉ရက်တွင် ပြောကြားသည်။

အဆိုပါဟိုတယ်တည်ဆောက်ရေး စီမံကိန်းများတွင် ကြယ်တစ်ပွင့်မှ ကြယ်ငါးပွင့်အထိရှိသည့် ဟိုတယ်များ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့ အနက် ဟိုတယ်အများစုကို ဧည့်သည် အများဆုံး လာရောက်ကုန်ချိန်လောက်တွင် ပြီးစီးရန် ရည်မှန်းထားကြောင်း မေ ၁၉ရက်က ကျင်းပခဲ့သော စီးပွားရေးနှင့်ပတ်သက်သည့် ဟိုတယ်များဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲတွင် ပေကျင်းခရီးသွားလုပ်ငန်းဗျူရိုမှ ညွှန်ကြားရေးမှူး ဒူကျီအန်က ပြောကြားသည်။

ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၅၆လုံး

ဟိုတယ်များတွင် ကြယ်လေးပွင့် သို့မဟုတ် ကြယ်ငါးပွင့်ဟိုတယ် ရှစ်ခုအပါအဝင် ဟိုတယ် ၅၆ခုသည် ပေကျင်းမှ ကီလိုမီတာ ၁၀၀အတွင်း ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အခန်းပေါင်း

၂၀၀၇ခုနှစ်တွင် ပေကျင်း၌ ကြယ်အဆင့် ဟိုတယ်အရေအတွက် ၈၀၀အထိ ရှိလာမည်ဖြစ်ပြီး ဟိုတယ်အခန်းပေါင်းမှာ ၁၃၀၀၀၀ ရှိမည်ဖြစ်ကြောင်း ပေကျင်း ဒုတိယမြို့တော်ဝန် ကျန်မာအိုက ပြောကြားသည်။ ယခုအချိန်တွင် ပေကျင်း၌ အခန်းပေါင်း ၁၀၉၀၀၀ ရှိသော ကြယ်အဆင့် ဟိုတယ် ၆၅၈ ခုရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်ရေလုပ်သား ၃၃၀အား တရုတ် ကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်နိုင်

ပေကျင်း မေ ၂၃

တောင်တရုတ်ပင်လယ်တွင် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ပျောက်ဆုံးလျက်ရှိသော ဗီယက်နမ်ရေလုပ်သား ၃၃၀ကို တရုတ်နိုင်ငံက ကယ်ဆယ်လိုက်နိုင်ပြီး အလောင်း၁၈လောင်းကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုပ်မြင်သံကြားဌာနက မေ ၂၁ ရက်တွင် ကြေညာသည်။

မုန်တိုင်းကြောင့် ပျက်စီးသွားသော ဗီယက်နမ်ငါးဖမ်းစက်လှေများအား ပြန်လည်ပြုပြင်နေစဉ်။

အဆိုပါ အသက်ရှင်ကျန်ရစ်သူများကို ဂွမ်ဒေါင်းပြည်နယ်၏ တောင်ဘက်ကမ်းလွန်ပင်လယ်ရှိ ပရာတက်စ်ကျွန်းအနီး၌ ဗီယက်နမ်သင်္ဘော ၂၂ စင်းပေါ်မှ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကယ်ဆယ်လိုက်နိုင်ခြင်းသည် တရုတ်နိုင်ငံအဖို့ ယခင်က တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးသည့် နိုင်ငံတကာ ရေကြောင်းကယ်ဆယ်ရေးတွင် အကြီးမားဆုံး ကယ်တင်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မူးယစ်မှောင်ခိုဂိုဏ်းသားများအား စပိန်ရဲတပ်ဖွဲ့ ဖမ်းဆီး

မက်ဒရစ် မေ ၂၃

စပိန်ရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သောဂိုဏ်းသားများဟု သံသယရှိသူ ၂၁ဦးအားဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက မေ၂၁ရက်တွင် ပြောကြားသည်။

ဖမ်းဆီးထားသူအများစုသည် စပိန်နိုင်ငံသား သို့မဟုတ် ကိုလံဘီယာနိုင်ငံသားများ ဖြစ်ကြသည်။ ၎င်းတို့အား မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်းနှင့် ငွေမည်းကို ငွေဖြူပြုလုပ်သောဂိုဏ်းမှဖြစ်သည်ဟု ယုံကြည်ရကြောင်း ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စုံစမ်းသိရှိ

မရှိသောကုမ္ပဏီများ၏ အမည်များဖြင့် ဘဏ်စာရင်းတွင် စပေါ်ငွေတင်ထားသည့် အရေအတွက်များပြားသော ငွေစာရင်းကို စုံစမ်းသိရှိပြီးနောက် ရဲတပ်ဖွဲ့သည် စုံစမ်းစစ်ဆေးမှုများကို ပြီးခဲ့သောမတ်လက စတင်ဆောင်ရွက်ခဲ့သည်။ ယင်းငွေများကို နောက်ပိုင်းတွင် အမေရိကန်၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် လက်တင်အမေရိက နိုင်ငံအချို့ရှိ ရှယ်လ်ကုမ္ပဏီသို့ လွှဲပြောင်းပေးခဲ့သည်။ ၎င်းဂိုဏ်းမှ တရားစွဲဆိုခံထားရသော ဂိုဏ်းခေါင်းဆောင်သည် ၂၀၀၁ ခုနှစ်မှစ၍ အမေရိကန်ဒေါ်လာ သန်း ၄၆၀ ကျော်ကို ငွေမည်းမှ ငွေဖြူပြုလုပ်ခဲ့သော အသက်(၄၂)နှစ်ရှိ စပိန်နိုင်ငံသားတစ်ဦးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



ဂျပန်နိုင်ငံမြောက်ပိုင်း အာဆာဟီကာဝါမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ဖန်ပြွန်ရေကန်တွင်း၌ ရေကူးနေသော ပင်လယ်ဖျံအား ဧည့်ပရိသတ်များ စိတ်ဝင်တစား ကြည့်ရှုနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ကျီကျန်းဒေသရှိ နာမည်ကျော် ကျေးလက်သီချင်းတေးရေးဆရာတစ်ဦး၏ သဲပန်းပုပုံကို မေ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိုက်ခရိုဆော့ကုမ္ပဏီ တရားစွဲခံရ

ဆီးတဲလ် မေ ၂၂

မိုက်ခရိုဆော့ကုမ္ပဏီသည် ယင်း၏ နည်းပညာကို အလွဲသုံးစား ပြုသည်ဆိုကာ ကွန်ပျူတာ ဗိုင်းရပ်စ်တိုက်ဖျက်ရေးကုမ္ပဏီ ဆင်မန်တက်က မိုက်ခရိုဆော့ကုမ္ပဏီကို တရားစွဲလိုက်သည်။

အသုံးပြု

ဆီးတဲလ်မြို့ရှိ အမေရိကန်ပြည်ထောင်စုတရားရုံးသို့ စွဲဆိုသည့်အမှုတွင် မိုက်ခရိုဆော့ကုမ္ပဏီသည် ဆင်မန်တက်ကုမ္ပဏီ ဆော့ဖ်ဝဲနည်းပညာများကို မတော်တရော် အသုံးပြုထားကြောင်း ဖော်ပြထားသည်။

အလွဲသုံးစားပြု

ယင်းသို့ ချိုးဖောက်ခြင်းမှာ လုပ်ငန်းနည်းပညာ လျှို့ဝှက်ချက်ကို အလွဲသုံးစားပြုရာ ရောက်ကြောင်း ပြောဆိုလျက် ဆင်မန်တက်ကုမ္ပဏီက မိုက်ခရိုဆော့ကုမ္ပဏီမှ လျော်ကြေးရလိုကြောင်း သိရသည်။

မိုက်ခရိုဆော့ ကုမ္ပဏီကမူ ထိုစွပ်စွဲချက်မှာ အခြေအမြစ်မရှိကြောင်း၊ ပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြောင်း ကြေညာသည်။

(အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အီရတ်၌ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၀ရက်၌ အတည်ပြုပြောကြားသည်။

ဘာဆာရာမြို့မြောက်ပိုင်းတွင် ၎င်းတို့၏စစ်ယာဉ်အား တိုက်ခိုက်ခံရ၍ ၎င်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

၂၀၅၀ပြည့်နှစ်၌ သက်ကြီးရွယ်အိုဦးရေနှစ်ဆတိုးမည်

ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နေသော သက်ကြီးရွယ်အိုများကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မေ ၂၃

အနာဂတ်ကာလတွင် သက်ကြီးရွယ်အိုလူဦးရေမှာ တစ်ဟုန်ထိုး တိုးတက်များပြားလာလိမ့်မည်။ သို့သော် အခွန်ထမ်းများ လျော့နည်းလာပြီး သက်ကြီးရွယ်အိုများအား ကိုယ်တိုင်ကိုယ်ကျ ပြုစုစောင့်ရှောက်ရန် ရန်ပုံငွေ အလုံအလောက်ရှိမည်မဟုတ်တော့ကြောင်း။ ထို့ကြောင့် အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် လူနေအိမ်များကို ပုံစံဆွဲစီစဉ်ရမည်ဖြစ်သည်။

၂၀၃၀ပြည့်နှစ်တွင် အသက် (၉၈)နှစ်အရွယ်ရှိ အဘွားအို မစ္စက်စမစ်က သူမမည်သည့်ဆေးသောက်ရမည်ကို အီလက်ထရွန်နစ်ကိရိယာ ကွန်ပဲနီးယန်းခလုတ်ကို ဖွင့်လိုက်ရုံဖြင့် ဘာဆေး၊ ဘာဆေး သောက်ပါဟု ထိုကိရိယာလေးက ပြောပေးလိမ့်မည်။ ဆေးမလုံလောက်လျှင် အနီးရှိ ဆေးရောင်းသူထံ လှမ်းမှာလိုက်နိုင်သည်။

တိုက်ရိုက်တွေ့မြင်နိုင်

ထို့ပြင် ထမင်းစားခန်းနံရံ၌ ချိတ်ထားသော ဖန်သားပြင်မှတစ်ဆင့် မိုင် ၁၅၀ ဝေးသောဒေသ၌ နေထိုင်သူ သမီး၏လှုပ်ရှားမှုကိုလည်း တိုက်ရိုက်မြင်တွေ့နိုင်သည်။

နံနက်ခင်း၌လည်း အဘွားအိုသည် ကွန်ပဲနီးယန်း အီလက်ထရွန်နစ်ကိရိယာဖြင့်ပင် မိသားစုဆရာဝန်နှင့် ကျန်းမာရေးအခြေအနေကို ဆက်သွယ်တိုင်ပင်နိုင်သည်။

စီမံကိန်းချမှတ်ထား

သက်ကြီးရွယ်အို ဦးရေပိုမိုများပြားလာသည်နှင့်အမျှ ပြည်သူများ ကျန်းကျန်းမာမာရှိအောင်၊ လွတ်လွတ်လပ်လပ်နေထိုင်နိုင်အောင် ကျွမ်းကျင်သူများက စီမံကိန်းများချမှတ်ထားပြီးဖြစ်သည်။

နှစ်ဆတိုးလာ

၂၀၅၀ပြည့်နှစ် အရောက်တွင် အသက်(၈၀)ကျော် သက်ကြီးရွယ်အိုဦးရေသည် နှစ်ဆတိုးလာပြီး လူဦးရေ၏ သုံးပုံတစ်ပုံအထိ ရှိမည်ဟု ခန့်မှန်းထားသည်။

သို့ဆိုလျှင် လူနေအိမ်ဒီဇိုင်းပုံစံများ သိသိသာသာကြီး ပြုပြင်ပြောင်းလဲပေးရပေဦးမည်။

(အင်တာနက်)

ပြည်တွင်းရေးကိစ္စအီးယူစွက်ဖက်မှု ဆီးရီးယားကန့်ကွက်ကြောင်းကြေညာ

ဒမတ်စကတ် မေ ၂၃

ဆီးရီးယားအစိုးရက သဘောထားကွဲလွဲသူများအား အရေးယူမှုအပေါ် ဥရောပသမဂ္ဂ(အီးယူ)က ဝေဖန်သဖြင့် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဥရောပသမဂ္ဂ၏ ဆီးရီးယားပြည်တွင်းရေးစွက်ဖက်မှုကို ကန့်ကွက်ရန် အီးယူသံတမန်များအား ဆင့်ခေါ်ကြောင်း ဆာနာသတင်းဌာနက ကြေညာသည်။

လက်ဘနွန်နိုင်ငံနှင့် ဆက်ဆံရေးပြင်ရန် တောင်းဆိုသည့် တက်ကြွ လှုပ်ရှားမှုများအပါအဝင် ဖမ်းဆီးထားသော နိုင်ငံရေးသမားများကို လွှတ်ပေးရန် အီးယူက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

ကြေညာ

အီးယူ၏ အဆိုပါ တိုက်တွန်းချက်မှာ ဆီးရီးယား ပြည်တွင်းရေးကို လက်မခံနိုင်စရာ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

ပြည်သူတို့အား အကာအကွယ်ပေးရေးနှင့် နိုင်ငံတော်ကိုဥပဒေကို ကျင့်သုံးရေး အပါအဝင် ဖမ်းဆီးထိန်းသိမ်းမှုများမှာ ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ၏ နယ်ပယ်အတွင်း၌ ရှိကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပယ်ချ

လက်ဘနွန်နိုင်ငံနှင့် တရားဝင် သံတမန်ဆက်သွယ်ရန်နှင့် နှစ်နိုင်ငံ နယ်နိမိတ်သတ်မှတ်ရန် ဆီးရီးယားနိုင်ငံအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို ဆီးရီးယားနိုင်ငံက ပြည်တွင်းရေး စွက်ဖက်သည်ဆိုကာ မေ ၁၇ ရက်တွင် ပယ်ချလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ယန်စီမြစ်အတွင်း၌ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လေ့ကျင့်ခန်းများ ပြုလုပ်နေသော ရဲတပ်ဖွဲ့ဝင်များကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အရှေ့တောင်ပိုင်း၌ ကျောက်မီးသွေးမိုင်းတွင်းပေါက်ကွဲ သေဆုံးသူ၃၁ဦးရှိ

ကင်တတ်ကီ မေ ၂၃

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ကင်တတ်ကီတွင် မေ ၁၉ ရက်နံနက်က ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း ပေါက်ကွဲမှုဖြစ်ပွားသဖြင့် လူငါးဦးသေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြောကြား

အဆိုပါမိုင်းတွင်းမှာ ကင်တတ်ကီ ဒါဘိုင်းကုမ္ပဏီပိုင် ဒါဘိုင်းမိုင်းတွင်း နံပါတ်(၁)ဖြစ်ကြောင်း မိုင်းလုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဌာနမှ စီမံခန့်ခွဲရေးမှူး ရေးမက်ကင်နေက ပြောကြားသည်။

ပေါက်ကွဲ

ဖြစ်နိုင်သည်မှာ မီသိန်းဓာတ်ငွေ့ကြောင့် ပေါက်ကွဲခြင်းဖြစ်နိုင်ကြောင်း ဟာလင်ရဲစခန်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံး

ဗာဂျီးနီးယားနယ်စပ်အနီး တောင်တန်းဒေသဖြစ်သော ဟာလင်စီရင်စုတွင် ယခုနှစ်တွင် အမေရိကန်ကျောက်မီးသွေးမိုင်းတွင်းများ ပေါက်ကွဲမှုကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၃၁ဦးအထိရှိလာပြီး ယခင်နှစ်က ၂၂ဦး သေဆုံးခဲ့ကြောင်း ရေးမက်ကင်နေက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ရှေးအကျဆုံး ဖိနပ်

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ဖိနပ်တစ်ရန်ကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါဖိနပ်ကို ကိုလံဘီယာနိုင်ငံ အိုရီဂွန်မြို့အနီး ဖောက်ရော့ဂူအတွင်း သုတေသနပညာရှင် လူသာခရစ်မင်က လွန်ခဲ့သော ၁၉၃၀ ပြည့်နှစ်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းရှေးဟောင်းဖိနပ်သည် လွန်ခဲ့သော နှစ်တစ်သောင်းခန့်က ပြုလုပ်ခဲ့သော ကြိုးဖိနပ်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့သက်တမ်းအရင့်ဆုံး ဘောလုံး

ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး ဘောလုံးတစ်လုံးကို တွေ့ရစဉ်။ (အပေါ်ပုံ)

အဆိုပါဘောလုံးသည် လွန်ခဲ့သော ၁၅၄၀ ပြည့်နှစ်က စကော့တလန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ဘောလုံးဖြစ်ပြီး ယခုအခါ စကော့တလန်နိုင်ငံ ဘန်းစ်ပြတိုက်၌ ပြသထားသည်။ ယင်းဘောလုံးကို ယခုအချိန်အထိ ကမ္ဘာ့ပြည်သူ ၁၃ သန်းခန့် လာရောက်လေ့လာကြည့်ရှုခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

● **ရွှေ့ဖုံးမှ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ကုန်တိုင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးနှင့် ကုမ္ပဏီများ၏ ကြက်ဥ၊ ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သားနှင့် ငါးမျိုးစုံအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များနှင့် မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရည်ရွယ်ချက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရန်၊ အလေးချိန်ခွင်များ မှန်ကန်ရေးကို တာဝန်ရှိသူများက ကြပ်မတ်ကြရန်၊ ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်နှင့် စားသုံးသူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ကြရန် မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးများ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးများ၏ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုချောမွေ့လျင်မြန်စေရေးနှင့် အကောက်ခွန်ကြီးကြပ်မှုလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ (''ICT'')သည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် အာဆီယံ အကောက်ခွန် ကိုယ်စားလှယ်များက ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားသွားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အစည်းအဝေး သဘာပတိ ဖိလစ်ပိုင်အကောက်ခွန် ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Alexander Musnic Arevalo က အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ အစည်းအဝေးကို ယနေ့မှ မေ ၂၅ ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ငလျင်စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ကြီးမှူး၍ ငလျင်စာတမ်းဖတ်ပွဲကို မေ ၂၇ ရက်နံနက် ၉ နာရီတွင် လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေ မြန်မာအင်ဖိုတက်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ မလေးရှားနိုင်ငံမှ Dr. Ch'ng Guon Bee ၏ The frequency of Earthquake and Relevent Statistics which are Essential for Developing Action Plan to Mitigate Damages and Loss of Human Lives စာတမ်းနှင့် Dr. Kamarudin-Ab-Malek ၏ The Design of Bulidings and Engineering Structures for Earthquake mitigation စာတမ်းများကိုဖတ်ကြားမည်ဖြစ်သည်။ တက်ရောက်လိုသူများ လှိုင်မြို့နယ် ဖုန်း-၅၁၉၆၇၃၊ ၅၁၉၆၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆရာစံ မြောက်/အရှေ့ရပ်ကွက် အေးစေတီလမ်း အမှတ် ၂၂နေ မိခင်ကြီး ဒေါ်လှကြည် ကွယ်လွန်ခြင်း နှစ်နှစ်ပြည့်အားရည်စူး၍ ကမ္ဘာအေး ချော်တွင်းကုန်း ဦးဘဟန်လမ်းသွယ် ခြံအမှတ်၁၈/ယ(အေ)နေဦးကျော်သိန်း-ဒေါ်မြင့်မြင့်သန်း (သိန်းသန်းရတနာ) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

အင်္ဂလန်နှင့် ဝေလတို့၌ အသက် ၃၀ ကျော်မှ သားသမီးယူသူများလာ

အင်္ဂလန်နှင့် ဝေလရှိ အမျိုးသမီးများသည် အသက် ၃၀ ခန့်မှ ကလေးယူမှု စတင်တတ်ကြကြောင်း တရားဝင် စာရင်းဇယားများ၌ ဖော်ပြထားသည်။ အိမ်ထောင်ပြုမှုနောက်ကျပြီး အသက်အရွယ် အတန်အသင့်ရမှ သားသမီးယူကြခြင်းသည် ကမ္ဘာ့နိုင်ငံများတွင် တဖြည်းဖြည်းများပြားလာလျက်ရှိရာ ၂၀၀၅ ခုနှစ်က အင်္ဂလန်နိုင်ငံတွင် အသက် ၃၀ မှ ၃၄ နှစ်အကြားရှိ အမျိုးသမီး ၁၀၀၀ ၌ ၁၀၀ ခန့် သားသမီးယူကြကြောင်း သိရသည်။

ဖော်ပြထား

ယခုနှုန်းထားမှာ ၂၀၀၄ ခုနှစ်က ၂၉ ဒသမ ၄ ရာခိုင်နှုန်းထက် အနည်းငယ်ပိုမိုများပြားလာသည့်အနေအထားရှိသည်။ ၂၀၀၅ ခုနှစ်က အင်္ဂလန်ရှိ အမျိုးသမီးဦးရေ၏ ၂၉ ဒသမ ၅ ရာခိုင်နှုန်းရှိရာ ၂၀၀၄ ခုနှစ်ကထက် တစ်ရာခိုင်နှုန်း ပိုများလာကြောင်း စာရင်းဇယားများ၌ ဖော်ပြထားသည်။

အမျိုးသမီးများအနေဖြင့် ထိုသို့ အသက်အရွယ် ၃၀ နှင့် ၃၅ နှစ်အတွင်း မွေးဖွားသည့် ကလေးငယ်များ၏ သေဆုံးမှုမှာ ကလေး ၁၀၀၀ လျှင် ငါးဦးခန့် သေဆုံးလျက်ရှိသည်။ ကလေးသေဆုံးမှုကို ယခုထက် ပိုမိုလျော့နည်းသွားစေရန်လည်း ကြိုးစားလျက်ရှိကြောင်း သိရသည်။

လူမှုဘဝ

အင်္ဂလန်နိုင်ငံတွင် အသက် ၃၀ ကျော်မှ ကလေးမွေးဖွားမှုနှုန်း တိုးမြင့်လာခြင်းမှာ လူမှုဘဝပြောင်းလဲလာ၍ ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

ကြွပ်ကြွပ်အိတ်အသုံးပြုမှု ပတ်ဝန်းကျင်ညစ်ညမ်း ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်

ပလတ်စတစ်အိတ်(ခေါ်)ကြွပ်ကြွပ်အိတ်များအသုံးပြုခြင်းသည် ကျန်းမာရေးကိုထိခိုက်စေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသဖြင့် သုံးစွဲခြင်း မပြုသင့်ကြောင်း သုတေသနပညာရှင်များက မကြာမီက ပြောကြားလိုက်သည်။

ညစ်ညမ်းမှု

ကြွပ်ကြွပ်အိတ်များသည် မြေကြီးတွင် အလွယ်တကူဆွေးမြည့်သွားခြင်း မရှိသည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆိုးဆိုးရွားရွားဖြစ်ပေါ်စေသည်ဟု ၎င်းတို့က ထောက်ပြ သတိပေးထားသည်။

ကျန်းမာရေး

ပလတ်စတစ်အိတ် သို့မဟုတ် ကြွပ်ကြွပ်အိတ်များဖြင့် ပစ္စည်းများ သယ်ယူခြင်း၊ စားသောက်ဖွယ်ရာ ယူဆောင်ခြင်းတို့သည် ပလတ်စတစ်အိတ်တွင်ပါဝင်သော ဓာတုပစ္စည်းများ၊ ဓာတ်ပြုပျော်ဝင်နိုင်ခြင်းရှိသဖြင့် လူတို့၏ ကျန်းမာရေးကိုထိခိုက်နိုင်ကြောင်း ပညာရှင်များက ပြောကြားသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့တွင် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းများကို ပိတ်ပင်လျက်ရှိရာ ယူဂန်ဒါနိုင်ငံ၌ ယခုအခါ ကြွပ်ကြွပ်အိတ်များကို ရောင်းချခြင်းမပြုနိုင်အောင် အမိန့်ထုတ်ပြန်တော့မည်ဖြစ်သည်။

ဘူးများအစားထိုး

ထို့အပြင် ပစ္စည်းများသယ်ယူရာတွင် ကြွပ်ကြွပ်အိတ်များအစား စက္ကူဘူးများဖြင့် အစားထိုးသုံးစွဲရန်လည်း ယူဂန်ဒါအစိုးရက တိုက်တွန်းထားသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကြွပ်ကြွပ်အိတ်များအစား စက္ကူဘူးများ အစားထိုးထုတ်လုပ်ရန်လည်း အစိုးရက တိုက်တွန်းထားသည်။

(ကိုးကား-အင်တာနက်)

အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲ

ရန်ကုန် မေ ၂၃

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစ၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် ပထမ မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)၊ ဒုတိယ မြင့်အေး(ဘဏ္ဍာ/အခွန်)၊ တတိယ ခင်မောင်ချို(လယ်/ဆည်)၊ အမျိုးသမီး မီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲတွင် ပထမ ခိုင်မာဦး(လယ်/ဆည်)၊ ဒုတိယ စုစုဝေ(မွေး/ရေ)၊ တတိယ ခင်စိုးဌေး(မြို့တော်စည်ပင်)၊ အမျိုးသား မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင်းနိုင်တာ(လယ်/ဆည်)၊ ဒုတိယ မောင်မောင်စိုး(ဘဏ္ဍာ/အခွန်)၊ တတိယ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)၊ အမျိုးသမီး မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခိုင်မာဦး(လယ်/ဆည်)၊ ဒုတိယ ယုမာဦး(လယ်/ဆည်)၊ တတိယ ခင်စိုးဌေး(မြို့တော်စည်ပင်)တို့ ရရှိသွားကြသည်။ အမျိုးသား မီတာ ၄၀၀၀ တစ်ဦးချင်းအမီလိုက်ပြိုင်ပွဲ၊ မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ **(အပေါ်ပုံ)**၊ အမျိုးသမီး မီတာ ၄၀၀၀ တစ်ဦးချင်း အမီလိုက်ပြိုင်ပွဲ၊ မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲများ ကျင်းပသည်။

ပြိုင်ပွဲများကို မေ ၂၄ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

ကုသိုလ်ပြုခဲ့

ရှေးဦးစွာ ဒေါက်တာဦးအေးကိုက မိမိ၏ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရှိမ်းမကားတိုက်နယ်ဆေးရုံတွင် စက္ခုပါလဒါနကုသိုလ်ကိုပြုလုပ်ခဲ့ကြောင်း၊ တိုက်နယ်အတွင်းရှိ မျက်စိအတွင်းတိမ်နှင့် ရေတိမ်အပါအဝင် အကြီးစားခွဲစိတ်ကုသမှု ၂၀၅ခုနှင့် အသေးစားခွဲစိတ်မှု ၅၉ခုတို့ကို အခမဲ့ခွဲစိတ်ကုသ၍ စက္ခုပါလဒါနကုသိုလ်ပြုခဲ့ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ခွဲစိတ်ကုသပေး

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ဦးဆောင်မှုအရ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးတင်ဝင်းခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့နှင့် ရွှေဘိုခရိုင်မျက်ခမ်းစပ်နှင့် မျက်မမြင်တိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ မေ ၁၆ရက်မှ ၁၈ရက်အထိ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရှိမ်းမကားတိုက်နယ်ဆေးရုံ၌ အတွင်းတိမ်နှင့်ရေတိမ်အပါအဝင် အကြီးစားခွဲစိတ်ကုသမှု ၂၀၅ခုနှင့် အသေးစားခွဲစိတ်ကုသမှု ၅၉ခုတို့ကို အခမဲ့ခွဲစိတ်ကုသပေးခြင်းဖြင့် စက္ခုပါလ ဒါန ကုသိုလ်ပြုကြခြင်းပင်ဖြစ်သည်။

လုပ်ဆောင်ခဲ့

အဆိုပါ မျက်စိကုသမှုအလှူပွဲသို့ အဖွဲ့ဝင်များအဖြစ် ဒေါက်တာခင်သန္တာစု၊ ဒေါက်တာ ဥမ္မာရီ၊ ဒေါက်တာ ဦးအေးကို၊ ဒေါက်တာ တင်မျိုးသန့်(ရွှေဘို)၊ဒေါက်တာ စိုးမင်းအောင်၊ ဒေါက်တာနိုင်လင်းအေးနှင့် သူနာပြု ဆရာမများက လိုက်ပါ၍ ကုသိုလ်ဖြစ် မျက်စိခွဲစိတ်ကုသပေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မေတ္တာတရား

မျက်စိအထူးကုဆရာဝန်၊ ဆရာမများ၏ မွန်မြတ်သောစေတနာ၊ ဖြူစင်သော မေတ္တာတရားတို့ကြောင့် လမ်းခရီးတစ်လျှောက် အခက်အခဲမရှိ လုပ်ငန်းအဝဝကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ဒေါက်တာအေးကိုက ပြောကြားသည်။

"မိမိနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်လည်းကောင်း၊ မန္တလေးမှ ရွှေဘိုခရိုင် ဝက်လက်နယ် အရှေ့ဖျား ဧရာဝတီမြစ်ကမ်းဘေးရှိ ရှိမ်းမကားသို့ သဘော်စီး၍လည်းကောင်းသွားရောက်ခဲ့ရကြောင်း၊အညာတမာ၊ ထနောင်းစိမ်းကန္တာ၊ ထန်းရိပ်ညိုတောများနှင့် နှစ်များစွာဝေးကွာခဲ့ရပြီဖြစ်သော်လည်း မိမိ၏ဇာတိမြေမှ အမိအဖများအား မိမိ၏တတ်ကျွမ်းသည့်ပညာဖြင့် ကျေးဇူးဆပ်ခွင့်ကြုံ၍ အတိုင်းမသိ ဝမ်းသာမိကြောင်း"လည်း ဒေါက်တာဦးအေးကိုက မြန်မာ့အလင်းသို့ ပြောကြားသည်။

မျက်စိရောဂါနှင့် ပတ်သက်၍ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာဦးအေးကိုက ရှိမ်းမကားတိုက်နယ်မှ ရဟန်းရှင်လူ အမိအဖများအား ပညာပေးစကား ပြောကြားခဲ့စဉ်။ (ဓာတ်ပုံ-မျက်စိအထူးကုဆေးရုံ)

ရွှေဘိုခရိုင် ရှိမ်းမကားတိုက်နယ်ဆေးရုံ၌ စက္ခုပါလ ဒါနကုသိုလ်ပွဲတွင် မျက်စိဝေဒနာရှင် ရဟန်းရှင်လူပြည်သူများနှင့် ခွဲစိတ်ကုဆရာဝန်ကြီးများ ဤသို့အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြသည်။ (ဓာတ်ပုံ-မျက်စိအထူးကုဆေးရုံ)

ကျေးလက်သဘာဝ

မျက်စိအထူးကုဆရာဝန်များအဖွဲ့အား ရှိမ်းမကားတိုက်နယ်မှ ကျေးရွာသူ ကျေးရွာသားများ၏ ယဉ်ကျေးပျူငှာစွာ ဆက်ဆံမှုနှင့် အညာဓလေ့လှည်းယဉ်ကျော့စီး၍ တိုက်နယ်ဆေးရုံသို့ သွားရောက်ရသည့် ကျေးလက်၏ သဘာဝကို ကိုယ်တိုင်ထိတွေ့ခွင့်ရ၍ ကြည်နူးနေကြသည်ဟုဆိုသည်။

တစ်ဖန် ဒေသနေ ရဟန်းရှင်လူပြည်သူအပေါင်းတို့ကလည်း စက္ခုနှစ်ကွင်း အလင်းဆောင်နိုင်၍လည်း အခမဲ့လာရောက်ကုသပေးသည့် ဆရာဝန်ကြီးများအဖွဲ့ကို အထူးကျေးဇူးတင်နေကြကြောင်း သိရသည်။

ထို့အပြင် ခွဲစိတ်ကုသပြီးသော လူနာများအား နေကာမျက်မှန်များ အခမဲ့ပေးဝေခြင်းတို့အတွက် ရှိမ်းမကားတိုက်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စက္ခုပါလဒါနကုသိုလ်ပွဲဖြစ်မြောက်ရေးကော်မတီတို့ ဦးဆောင်လျက် ရဟန်းရှင်လူပြည်သူများက အားတက်သရောပါဝင်ကူညီခဲ့ကြကြောင်း သိရသည်။ အဆိုပါ ခွဲစိတ်ကုသမှုမတိုင်မီ ဧပြီ ၂၅ ရက်နှင့် ၂၆ရက်တို့တွင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာဦးအေးကို ခေါင်းဆောင်သော မျက်စိအထူးကု ဆရာဝန်များအဖွဲ့က ပြင်ပလူနာဟောင်း ၁၇၀၀ကျော်ကို အခမဲ့စစ်ဆေးကုသခြင်း၊ အကြီးစားခွဲစိတ်ရမည့် လူနာများအား ရွေးချယ်ခြင်း၊ မျက်မှန်စစ်ဆေးပေးခြင်းနှင့် အသေးစားခွဲစိတ်မှု၅၈ခုတို့အားခွဲစိတ်ပေးခြင်းတို့ကိုလည်းဆောင်ရွက်ပေးခဲ့ကြသည်။

ပူးပေါင်းဆောင်ရွက်မှု

သို့ဖြစ်၍ မျက်စိအထူးကု ဆေးရုံကြီးမှ ဆရာဝန်များ၏ ကုသိုလ်၊ ကျန်းမာရေးဦးစီးဌာန၏ပံ့ပိုးမှု၊ တိုက်နယ်ဆရာဝန်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရွှေဘိုခရိုင်ရှိမ်းမကားတိုက်နယ်မှ မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ စက္ခုနှစ်ကွင်း အလင်းဆောင်ကာ ပျော်ရွှင်နိုင်ကြပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

ဧဝိတဒါနသံဃာ့ဆေးရုံကြီး အကူသူနာပြုသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဆေးကုသမှုစွမ်းရည် ပိုမိုမြင့်မားရေးနှင့် အရည်အချင်းမီသူနာပြုများ ပေါ်ထွက်လာရေးတို့အတွက် အကူသူနာပြု (Nurse Aid)သင်တန်းဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ သင်တန်းသို့ သူနာပြုတက္ကသိုလ်မှ ပညာရှင်များက လာရောက်ပို့ချသင်ကြားကြမည်ဖြစ်ပြီး ပြင်ပမှ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်း မြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (လူပျို) အမျိုးသားဖြစ်ပြီး အနည်းဆုံး နဝမတန်းအောင်မြင်သူဖြစ်ရမည်ဖြစ်သည်။ နောက်ဆုံး လျှောက်လွှာပိတ်ရက်မှာ ဇွန် ၁၀ ရက် ဖြစ်သည်။ သင်တန်းပြီးဆုံး၍ စာမေးပွဲအောင်မြင်ပါက အဆိုပါဆေးရုံကြီး၌ အကူသူနာပြုများအဖြစ် ခန့်ထားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အဆိုပါဆေးရုံကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၅၈၄၃၄၊ ၅၄၁၇၉၅၊ ၅၄၅၇၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရန်ပုံငွေပွဲကျင်းပမည်

ရန်ကုန် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ Korea Myanmar Friendship Interchange Association ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven .Mok Tak က ဆောက်လုပ် လှူဒါန်းမည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရန်ပုံငွေအတွက် ဈေးရောင်းပွဲတော်ကို ကန်တော်ကြီး ဥယျာဉ် ကရဝိက်နန်းတော်၌ ဇွန် ၂ ရက် ညနေ ၄ နာရီမှ ၇ နာရီအထိလည်းကောင်း ဇွန် ၃ ရက် နံနက် ၉ နာရီမှ ည ၇ နာရီအထိလည်း ကောင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဟောပြောပို့ချ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအပတ်စဉ် (၂၃)မှ သင်တန်းသားသင်တန်းသူ ၁၀၂ ဦးတို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

ဦးပါအား ရည်စူး၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အမှတ် ၇ လမ်းသစ်ရပ်နေ ဒေါ်ချစ်သွင်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၂၃

အုတ်တွင်းမြို့ ကန်ကလေးတောရစာသင်တိုက်၏ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး၏ လေးနှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ပူဇော်ပွဲ၊ ၁၃၆၇ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် သီရိသုဓမ္မသိင်္ဂီဘွဲ့ရ အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းသန်းနွဲ့ (ဂုဏဝိသိဋ္ဌကာရီအသင်း ဒုတိယဥက္ကဋ္ဌ)တို့အား ဂုဏ်ပြုပွဲကို ၁၃၆၈ ခုနှစ် နယုန်လဆန်း ၃ ရက် (တနင်္လာနေ့)တွင် ဂုဏဝိသိဋ္ဌကာရီအသင်းက အဆိုပါ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

မေ ၂၂ ရက်က ပန်းဘဲတန်းမြို့နယ် (၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှရှိန်တို့က စာပေ၏ တန်ဖိုးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဟောပြောကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၈-၅-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့နှင့်

(၂၅-၆-၂၀၀၆)ရက်နေ့

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကို အဓိကဆောင်ရွက် ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်အောင်ကြိုးပမ်း

နေပြည်တော် မေ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်၉နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအုပ်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအဆင့်အရာရှိများ တက်ရောက်ကြသည်။

ကြိုးစားဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးကဏ္ဍကိုအဓိကဆောင်ရွက်ပေးသည့် ဌာနကြီးဖြစ်ကြောင်း၊ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက်(အထူးအမြန်)ကုန်ရထားများပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်း၊ အလားတူ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းတို့မှ တာဝန်ရှိသူများကလည်း မိမိတို့အား ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းကောင်းတစ်ဦးဖြစ်ရေးအတွက် ညွှန်ကြားမှု နာယူတတ်ခြင်း၊ သစ္စာစောင့်သိကာ ပေးအပ်သည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်းရှိရန်လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

သုံးသပ်တင်ပြ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က လုပ်ငန်းအခြေအနေများကို သုံးသပ်တင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းအုပ်ကြီးတို့က မိမိတို့ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းအရာရှိများ၊အထွေထွေမန်နေဂျာများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အမှာစကား

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမေ္မာရုံကြီးတွင် တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀တန် ရေအေးစက်တစ်လုံးကို ရန်ကင်းမြို့နယ် ၁၅ရပ်ကွက် အဝေရာလမ်း အမှတ်၃၀(က)နေ ဦးလှသိန်း-ဒေါ်လှဌေး၊ မြေး ကျော်ထက်ပိုင်၊ မင်းကိုကိုသိန်း(မိုင်းချူး)၊ မြတ်ပိုပိုသိန်း၊ ခင်ဖြူသက်ပိုင် မိသားစုက လှူဒါန်းရာ အရိယာမေ္မာရုံနာယက ဦးကိုကိုကြီးက ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

မွေးနေ့ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဖွဲ့စုံသာသနာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမမဟာထေရ်၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတမင်္ဂလာကို မေ၂၈ရက်တွင် တပည့် သံဃာ၊ဒါယကာ၊ ဒါယိကာမများက ပူဇော်ကန်တော့ပြီး သိက္ခာထပ်မင်္ဂလာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဆီအုန်းသုတေသနဖွံ့ဖြိုးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် မေ ၂၃

ဆီအုန်းသုတေသနဖွံ့ဖြိုးရေးနှင့်ထုတ်လုပ်မှုမြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနကြီးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာတန်ဇီပင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့်ဌာနေကိုယ်စားလှယ်မစ္စတာတန်ဇီပင်းတို့က အဖွင့် အမှာစကားပြောကြားကာလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကိုယ်စား ဌာနေကိုယ်စားလှယ် မစ္စတာတန်ဇီပင်းတို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးပြီးစီး

FAO မှ အထောက်အပံ့သည် အထူးသဖြင့် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးကို ရည်ရွယ်သည်။ ယခုအခါ နိုင်ငံတော်က ဆီအုန်းစိုက်ပျိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၁၉၉၈ ခုနှစ်မှစ၍ တနင်္သာရီတိုင်း၌ ဆီအုန်း အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင် ၃၅ဖွဲ့ကို မြေဧရိယာ ၁၄၃၁၆၁၉ဧကေ ခွဲဝေသတ်မှတ်ပေးခဲ့ပြီး ဆီအုန်းတိုးချဲ့ စိုက်ပျိုးစေခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ တနင်္သာရီတိုင်း၌ ၁၆၁၀၄၈ဧကေ၊ မွန်ပြည်နယ်၌ ၁၇၂၃ဧကေ၊ ကချင်ပြည်နယ်တွင် ၅၇ဧကေ၊ ရခိုင်ပြည်နယ်၌ ၉၄ဧကေနှင့် ဧရာဝတီတိုင်း၌ ငါးဧကေ စုစုပေါင်း ၁၆၄၉၂၇ဧကေ စိုက်ပျိုးပြီးစီးခဲ့သည်။

အထောက်အကူဖြစ်

FAOစီမံကိန်းအနေဖြင့် ဆီအုန်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးရေးနည်းပညာ အထောက်အကူဖြစ်စေရေး၊ သုတေသနဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ နည်းပညာများ အကူအညီပေးရေး၊ ဒေသနှင့် သင့်လျော်သည့်အထွက်နှုန်းကောင်းမွန်သည့် ဆီအုန်းစပ်မျိုးစေ့များ ရရှိရေး စသည့် အထောက်အပံ့များစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မရမ်းကုန်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် မေ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်တွင် ရပ်ကွက်အသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အမှတ်၃ရပ်ကွက် မင်းဓမ္မလမ်းတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးရွှေမင်း ဦးဆောင်၍ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)** **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၇။ အရေးပြိုင်ပွဲ
- ၈း၂၀ ၈။ တံတားအလှပန်းလောင်
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading
- ၁၆း၄၀ ၄။ တေးဂီတအစီအစဉ်
- ၁၆း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
- ၁၇း၃၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇း၄၅ ၉။ **"ဆွေမျိုးတော်ပေမယ့်"** ဒုတိယရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
- ၁၇း၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၄။ အကပြိုင်ပွဲ
- ၁၉း၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉း၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ၂၀၀၅ခုနှစ် တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) **"မင်းကုသဇာတ်တော်ကြီး"** (မန္တ လေးတိုင်း)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆-၂၀၀၇ ပညာသင်နှစ်
ကျောင်းအပ်နှံရေး သီတင်းပတ်
မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍
ကျောင်းသုံးဖတ်စာအုပ်များကို
ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

✡ *ကျောဖုံးမှ*

ဝန်ကြီးကလုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးရာသီဖြစ်သဖြင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်လမ်းမြေဖို့ခြင်းကို ဦးစားပေးရန်နှင့်သတ်မှတ်ကာလအတွင်းအချိန်မီ ပြီးစီးအောင် ကျန်တံတားလုပ်ငန်းများကို တစ်ပြိုင်တည်း စီမံချက်ဖြင့်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ထို့နောက် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသည်။

ဖျာပုံတံတားမှာ သံကူကရစ် ဘိုးပိုင်အုတ်မြစ် အမျိုးအစားဖြစ်၍ ပင်မတံတားမှာ သံမဏိသံပေါင်ဖြစ်ပြီး တံတားအရှည် ၁၃၇၂ ပေ ရှစ်လက်မ၊ ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတားပေ ၁၃၃၀၊ ဒေးဒရဲ ဘက်ကမ်း ချဉ်းကပ်တံတားပေ ၁၂၃၀ စုစုပေါင်းတံတားအရှည် ၃၉၃၂ ပေ ရှစ်လက်မ ရှိ၍ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီ ပါရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ ပင်မတံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီး၍ ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတားတွင် တံတားတိုင်လုပ်ငန်းများ ပြီးစီးပြီး တံတားကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်း ၁၈ ခန်းရှိသည့်အနက် ၁၂ခန်း ပြီးစီးလျက် ခြောက်ခန်းသာ ဆောင်ရွက်ရန်ကျန်ရှိပြီး ဖျာပုံဘက်ကမ်း ချဉ်းကပ်တံတားတွင် တံတားတိုင် လုပ်ငန်းများ ပြီးစီးကာ တံတားခန်းဖွင့် ၁၉ ခန်း ရှိသည်ဖြစ်ရာ သံကူကွန်ကရစ်ရက်မနှင့် သံပေါင်ရက်မကိုးခန်း ဆောင်ရွက်ပြီးစီးလျက် သံကူကွန်ကရစ် ကြမ်းခင်း လုပ်ငန်းမှာ ငါးခန်း ဆောင်ရွက်ပြီးစီးပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် အလုံ Asia World ဆိပ်ကမ်းသို့ ရောက်ရှိပြီး သွင်းကုန်ပစ္စည်း ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဆိပ်ကမ်း၌ အသစ်တပ်ဆင်ပြီးစီးလျက်ရှိသော X-RAY စက်ဖြင့် ကုန်သေတ္တာများအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဆိပ်ကမ်းအတွင်း ကုန်သေတ္တာများ တင်ချနေမှု၊ ကုန်သေတ္တာများ ရောက်ရှိထားသိုမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း၌ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ပဲခူးသင်္ဘော လွှန်းတင်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအေးသောင်း တို့က လုပ်ငန်း အခြေအနေများကို ရှင်းလင်းပြသ ကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးပါ(ပရဆေး)အားရည်စူး၍ ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်း အမှတ် ၆(က)နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရင်(မြသီရိဆေးတိုက်)မိသားစုက ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့အပိုင် ဦးစံဒွန်းကုန်းကျေးရွာ အဘယာရာမကျောင်းတွင် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်နှင့် သိမ်၊ တန်ဆောင်း၊ စာသင်ကျောင်း ပြုပြင်လှူဒါန်းခြင်း၊ သက်ကြီးဝါကြီးများအား ပူဇော်ခြင်း၊ မြသီရိ သွေးဆေးလှူဒါန်းခြင်းတို့အတွက် ရေစက်ချမင်္ဂလာကျင်းပရာ ဆရာတော်ဘဒ္ဒန္တမဏ္ဍလထံ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။

(က–ပ)

ယဉ်ကျေးမှုဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဦးတင်စိုး၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များအောင်မြင်ရေးအတွက် တက်ညီလက်ညီ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးမစတင်မီ ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ယဉ်ကျေးမှုတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ဓာတ်ကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် အမှာစကားပြောကြားစဉ်။

(ယဉ်ကျေးမှု)

မိတ္ထီလာခရိုင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့်အဖွဲ့ မိတ္ထီလာအကျဉ်းထောင်ရှိအကျဉ်းသားများအားနှုတ်ဆက်အားပေး ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၃

မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ အဖွဲ့ဝင် ၂၀ ပါဝင်သောအဖွဲ့သည် မေ ၉ ရက် နံနက် ၈ နာရီခွဲတွင် မိတ္ထီလာအကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသားအကျဉ်းသူများအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လစဉ်၊ အပတ်စဉ် အကျဉ်းထောင်သို့လာရောက်တွေ့ဆုံပြီး တတ်နိုင်သမျှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မိသားစုနှင့် ဆက်သွယ်မရရှိသူများကိုလည်း ဆက်သွယ်ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့်နှုတ်ဆက်အားပေးစကားများပြောကြားခဲ့သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် အကျဉ်းသားအမျိုးသား ၃၁၈ဦး၊ အမျိုးသမီး ၇၁ဦး စုစုပေါင်း ၃၈၉ဦးတို့အတွက် Metronidazone ဆေးပြား ၂၀၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၂၄၀၊ ဘောလုံးဂျာနယ် ၁၄စောင်၊ နန်းမြင့်ဂျာနယ် ၇၄ စောင်၊ ဆေးလိပ် ၁၀စည်း၊ ပေါင်မုန့်၊ ကိတ်မုန့် ၁၀ထုပ်၊ ဦးချိန်တီ(အစာကြေဆေး) နှစ်ပုလင်းနှင့် ကွမ်းယာအထုပ် ၂၀တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလဝလမ်း အမှတ်၃၂၆ နေ ဦးမောင်တင်–ဒေါ်အေးခိုင်ဖြူ (ရွှေကြာပွင့်ဖိနပ်လုပ်ငန်းမိသားစု)က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း(ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံး လက်ခံယူစဉ်။

(က–ပ)

လူထုအတွင်းရှေးဦးပြုစုနည်းပြသင်တန်း ခရမ်းမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း သင်တန်းဌာနနှင့်ဖွံ့ဖြိုးမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ယူနစ်တို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်းနည်းပြသင်တန်းကို မေ ၁၅ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း၌ ဖွင့်လှစ်ရာ ဖွင့်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (မြန်မာ)အဖွဲ့ရုံးမှ Ms. Bridget Gardner၊ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူးများ၊ သင်တန်းဌာန ဒုတိယဌာနမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြော

သင်တန်းဖွင့်ပွဲတွင် Ms. Bridget Gardner နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ညှိနှိုင်းရေးမှူး ဒေါက်တာထွန်းအောင်ရွှေတို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းတွင် မင်းဘူးမြို့နယ်၊ မြိတ်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ မတ္တရာမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ဖြူးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၅ ရက်မှ ၂၅ ရက်အထိ ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်မောင်းသူများလိုက်နာရန်သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ–

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စင်နေလျှင် လမ်းချော် နိုင်သည်။
(၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
(၃) မော်တော်ယာဉ်များ လေပေါင်ချိန် များလွန်းလျှင် လမ်းချော်နိုင်သည်။
(၄) လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
(၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စင်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက ထိရောက်စွာအရေးယူခြင်းခံရမည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပဲခူးမြို့နှင့်မိတ္ထီလာမြို့တို့တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၃

ပဲခူးမြို့နယ် မရင်းကျေးရွာအနီး မိုင်တိုင်(၅၆/၅၇)အကြား ရန်ကုန်–မန္တလေးလမ်းမကြီး၌ မေ ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ယာဉ်မောင်း ဦးတင်ဝင်း၊ ယာဉ်နောက်လိုက် ဦးခင်စိုး၊ ဟီးနိုး ယာဉ်အမှတ် (ဘ/၇၁၄၃) ရန်ကုန်–ပျဉ်ပုံကြီး ပြေးဆွဲနေသည့် ပြည်ကျော် ခရီးသည်တင်ကား အင်ဂျင်ဝါယာကြိုးရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၁၇ဦး လာရောက်ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် တာယာ ထိုင်ခုံနှင့် ကားရှေ့ပိုင်း မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀၀ ခန့် ဆုံးရှုံးသွားသည်။

အလားတူ မိတ္ထီလာမြို့နယ် စည်ပင်သာယာဈေးခေါင်းရုံး အဟောင်းနေ ဦးကျော်ကျော်ဦး၏ နေအိမ်၌ ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင် ၅၀ စုပေါင်း ငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုးနှင့်အတွင်းပစ္စည်းအနည်းငယ် မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အငြိမ်းစားတို့ စကားဝိုင်း(၁၅)

ဟိန်းမြင့်

ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် နေ့လယ်စာ စားအပြီး ၂၀၀၆ခုနှစ် သတင်းစာရှင်းလင်းပွဲနှင့် ဆက်စပ်သည့် အကြောင်းအရာများကို ဆက်လက်၍ စကားဝိုင်းဖွဲ့ဆိုကြပြန်ပါသည်။

"NDD သိန်းဝင်းရဲ့ အမာခံယူဂျီတွေထဲမှာ အရေးအခင်းအပြီးမှာ NLD ပါတီကိုဝင်ပြီး စည်းရုံးရေးကော်မတီဝင်၊ ဗဟိုလူမှုအထောက်အကူပြုအဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သူ သာကေတမြို့နယ်က ဦးအောင်သိန်းနဲ့ အုတ်တွင်းမြို့နယ် NLD ဦးခင်မောင်ဝင်းတို့ ပါတာ တွေ့ရတယ်"

"ဟုတ်တယ်၊ သူတို့နှစ်ယောက် အပါအဝင် ယူဂျီများဖြစ်ကြတဲ့ ဖြူးမြို့က ဆရာရဲ(ခ)သန်းဦး၊ ဖြူးမြို့ဇာတိ ခိုင်မာစိုး၊ တာမွေက ယုန္တတ်(ခ)အောင်ချိုဦးနဲ့ ၂၈-၃-၂၀၀၆ ရက်နေ့က ထပ်မံဖမ်းဆီးရမိခဲ့တဲ့ ဦးအောင်မိုးတို့ရဲ့ ထွက်ဆိုချက်တွေအရရော၊ သူတို့ကိုယ်တိုင် သတင်း ထောက်တွေရဲ့ အမေးကိုပြန်လည် ဖြေကြားချက်အရရောဆိုရင် NLD ပါတီဝင်တွေ၊ ဝါရင့်ပုဂ္ဂိုလ်ဆိုသူတွေ၊ ပြည်ပရောက်အကြမ်းဖက် အဖျက်သမားပြည်ပြေးတွေနဲ့ သောင်းကျန်းသူတွေ ဆက်စပ်၊ ပတ်သက်၊ ယှက်နွယ်နေတယ်ဆိုတာ ပေါ်လွင်လာတယ်"

"အေးလေ၊ ဒါကြောင့်လဲ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ၂၆-၄-၂၀၀၆ရက်နေ့က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ NLD ကို မတရားသင်းကြေညာဖို့ ခိုင်လုံတဲ့အချက်အလက်တွေ ရှိထားပြီးသားလို့ ပြောသွားတာပေါ့"

"ပြည်ထဲရေးဝန်ကြီးဌာနကလည်း ၂၀၀၆ခုနှစ် ဧပြီလ ၁၂ရက်နေ့စွဲနဲ့ ကြေညာချက်အမှတ်(၁/၂၀၀၆)ကို ထုတ်ပြန်ပြီး စိန်ဝင်းဦးစီးတဲ့ NCGUB ၊ လှဦးနဲ့ ပြည်သစ်ညွန့်ဝေတို့ဦးစီးတဲ့ FTUB၊ သံခဲဦးစီးတဲ့ ABSDF၊ ဝင်းခက်ဦးစီးတဲ့ NLD(LA) အဖွဲ့ အစည်းတွေနဲ့ အဖွဲ့ဝင်အားလုံးကို အကြမ်းဖက်သူတွေဖြစ်ကြောင်း ကြေညာလိုက်တာ တွေ့ရတယ်"

"အဲဒီကြေညာချက်ထဲမှာ ရက်စက်ယုတ်မာစွာ ဖောက်ခွဲဖျက်ဆီးခံရတဲ့ ဖြစ်စဉ်အချို့၊ ဖော်ထုတ်တားဆီး ကာကွယ်လိုက်နိုင်တဲ့ ဖြစ်စဉ်အချို့၊ ပြည်သူလူထုအတွင်းမှာ အကြမ်းဖက်ဆူပူမှုတွေ ထပ်မံဖြစ်ပေါ်လာဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တဲ့ အဖျက်အမှောင့်လုပ်ရပ်အချို့ကိုပါ သက်သေအထောက်အထားတွေနဲ့ ဖော်ပြထားတာ တွေ့ရတယ်"

"သတင်းစာရှင်းလင်းပွဲအရရော၊ အကြမ်းဖက်သူများအဖြစ် ကြေညာချက်အရရော အနှစ်ထုတ်လိုက်မယ်ဆိုရင်--- အာဏာကို ဖြတ်လမ်းက ရယူလိုချင်သူတွေနဲ့ အကြမ်းဖက်အဖျက်သမားတွေက မြေပေါ်၊ မြေအောက်၊ ပြည်ပြေးသုံးဖက်သုံးတန်ကနေပြီး တပ်မတော်အစိုးရကို ဘေးကျပ်နံကျပ်ဖြစ်အောင်နဲ့ သိက္ခာချလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အပြစ်မဲ့ ပြည်သူတွေအပေါ် ပစ်မှတ်ထားပြီး အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုတွေကို လက်ရဲဇက်ရဲ ကျူးလွန်လုပ်ဆောင်ခဲ့တယ်။ ဆက်လက် ဆောင်ရွက်ဖို့လဲ အမျိုးမျိုးကြံစည်အားထုတ် ကြိုးပမ်းလုပ်ဆောင်နေတယ်။ တိုင်းဆူပြည်ဖျက်ဖို့ အဖျက်အမှောင့် လုပ်ရပ်တွေကိုလည်း ဖန်တီးလုပ်ကြံဇာတ်လမ်းတွေနဲ့တစ်မျိုး၊ ပုံကြီးချဲ့ကားလို့တစ်ဖုံ၊ အမျိုးမျိုးသောနည်းလမ်းမျိုးစုံနဲ့ ပြည်တွင်းမှာ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေသလို ပြည်ပနိုင်ငံကြီးများက ပိတ်ဆို့ဟန့်တားဖိအားပေးအောင် လုပ်ဆောင်နေတာ တွေ့ရတယ်"

"ဟုတ်ပါ့၊ အမျိုးသားရေးအကျိုးစီးပွားကို လုံးဝဆိုလုံးဝ ပစ်ပယ်ထားပြီး သူတို့ပါတီအာဏာရဖို့၊ သူတို့တစ်တွေ နေရာရဖို့အတွက် ပြည်သူတွေ ဘယ်လောက်ပဲသေသေ၊ ဘယ်လောက်ပဲ ကျပ်တည်းဒုက္ခရောက်ပါစေ၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ သဘောမျိုးနဲ့ မိုက်ဇာတ်ခင်းနေကြတာပဲ"

"သမိုင်းကြောင်းတစ်လျှောက်လုံး ပြန်ကြည့်ရင် မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်ပစ်မယ် ဆိုတဲ့သူတွေ၊ အာဏာကို သူရကိုယ်ရလုတဲ့သူတွေ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ သူတွေ ခေတ်အဆက်ဆက်မှာရှိနေပြီး ကွဲကြပြဲကြနဲ့ နောက်ဆုံး နိုင်ငံနဲ့ ပြည်သူတွေပဲ ဒုက္ခရောက်ခဲ့ကြတာပဲ မဟုတ်လား"

"လက်ရှိပကတိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့အခြေအနေ၊ မြန်မာနိုင်ငံရဲ့ အခြေအနေတွေကို အမှန်အတိုင်းမြင်အောင် လေ့လာသုံးသပ်ပြီး ကိုယ့်အကျိုး၊ ကိုယ့်ပါတီအကျိုးထက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုဝိုင်းဝန်းလုပ်ဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံး နိုင်ငံနဲ့လူမျိုးအကျိုးအတွက် စေတနာထားလုပ်ဆောင်ကြဖို့လိုပါပြီ"

"တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော် မဖွံ့ဖြိုးမတိုးတက်အောင်ဆိုတဲ့ ကျဉ်းမြောင်းလွန်းတဲ့ အတွေးအခေါ်၊ လူသားမဆန်တဲ့ အမြင်တွေနဲ့ အခုအတိုင်းအကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေကြမယ်ဆိုရင် အဲဒီအကုသိုလ်ကံတွေရဲ့ တန်ပြန် အကျိုးသက်ရောက်မှုတွေက အခုလက်ရှိဘဝမှာတင်မကဘူး နောင် သံသရာမှာပါ ခံကြရလိမ့်မယ်ဆိုတာ သတိမူဆင်ခြင်သင့်ပါပြီ။ အနည်းဆုံး မကူညီချင်နေ မနှောင့်ယှက်ကြဘူးဆိုရင် ငါတို့အားလုံး လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် မြန်မြန်ဆန်ဆန်ရောက်ရှိသွားနိုင်မှာဖြစ်သလို နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဘူး"

"အီရတ်နိုင်ငံမှာ ဆက်ဒမ်ဟူစိန်လက်ထက်က အခြေအနေနဲ့ အခု အမေရိကန်က ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး သူ့အလိုကျ ဒီမိုကရေစီ နိုင်ငံတော်အဖြစ်တည်ထောင်နေတယ်ဆိုတဲ့ အခြေအနေတွေကို နှိုင်းယှဉ်ကြည့်ရင် အခုလက်ရှိ အခြေအနေတွေက အဆပေါင်းများစွာ သာလွန်ဆိုးရွားနေတာကို လူတိုင်းအလွယ်တကူ မြင်နိုင်ပါတယ်။ သင်ခန်းစာယူကြဖို့ ကောင်းပါတယ်"

"ငါ့အမြင်ကတော့ နိုင်ငံသားအားလုံး ပြည်သူတွေဘေးဒုက္ခမရောက်အောင်၊ နိုင်ငံတော်ကြီးမပြိုကွဲမပျက်စီးအောင် လုပ်ကြဖို့လိုမယ်၊ အမြင်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုး ဘယ်လိုပဲကွဲပြားခြားနားပါစေ နိုင်ငံတော်မဖွံ့ဖြိုးမတိုးတက်ရင်၊ ပြည်သူတွေဘေးကျပ် နံကျပ်နဲ့၊ ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်တွေ့ကြုံနေရရင် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဘယ်တော့မှ မတည်ဆောက်နိုင်ဘူးလို့ ဆိုချင်တယ်။ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှ၊ နိုင်ငံသားများ အားလုံး အသိပညာမြင့်မားနေမှ၊ ဒီမိုကရေစီစနစ်လည်း ပီပီပြင်ပြင်နဲ့ ဖြစ်တည်လာပြီး ခိုင်ခိုင်မာမာနဲ့ တည်တံ့နေမှာဖြစ်တယ်"

"တချို့ကလည်း 'အနာခံမှအသာစံရတယ်' ဆိုပြီး ပြည်သူတွေအခုလောလောဆယ် အနာခံကြ၊ ဘေးဒုက္ခတွေနဲ့ တွေ့ကြုံကြ၊ ငါတို့အစိုးရတက်မှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ သာယာဝပြောအောင် လုပ်ပေးမယ်ဆိုတဲ့ အယူအဆလွဲမှားမှုကို လက်ကိုင်ပြုပြီး တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးဖို့ တည်ဆောက်နေတာမှန်သမျှ မအောင်မြင်ရအောင် ပြည်ပကပိတ်ဆို့ဟန့်တား ဖိအားပေးမှုတွေကို လုပ်စေတာ၊ ပြည်တွင်း မငြိမ်မသက်ဖြစ်အောင် အဖျက်အမှောင့် လုပ်ငန်းတွေကို လုပ်ဆောင်နေကြတာတွေ မှန်ပါရဲ့လားဆိုတာ သုံးသပ်ကြည့်ကြဖို့လိုပြီ။ အခုဆိုရင် နှစ်ပေါင်းဆယ်စုနှစ် နှစ်စုတောင်ပြည့်ဖို့နီးလာနေပြီ။ အကျိုးသက်ရောက်မှု ဘာများရရှိခဲ့သလဲဆိုတာ သုံးသပ်ကြည့်ဖို့လိုနေပါပြီ"

"ပြည်တွင်းအားကို အခြေမခံ၊ ပြည်ပအားကိုးပြီးလုပ်နေတာ ဘယ်မှာ အောင်မြင်နိုင်မလဲ။ သူတို့လုပ်ဆောင်နေမှုကြောင့် ဒို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာသွားတာ၊ အထည်ချုပ်စက်ရုံတွေပိတ်လိုက်ရလို့ ပြည်သူတွေ အထူးသဖြင့် အမျိုးသမီးတွေ အများအပြား အလုပ်လက်မဲ့ဖြစ်သွားပြီး ဘဝနာခဲ့ကြတာ၊ လူမှုရေးအကူအညီတွေမှာ နိုင်ငံရေး ရောယှက်ပါလာလို့ ပိတ်ပင်တားဆီးခံရတာ၊ ရပ်သိမ်းသွားတာတွေဟာ နိုင်ငံတော်နဲ့ပြည်သူတွေအတွက် ရေတိုမှာရော ရေရှည်မှာပါ အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာမှုဖြစ်စေခဲ့တာပဲ အဖတ်တင်ပါတယ်"

"ရန်ကုန်မြို့ လူစည်ကားရာနေရာသုံးခုမှာ ဗုံးခွဲလုပ်ကြံခဲ့လို့ အပြစ်မဲ့ပြည်သူ ၂၃ ဦး သေဆုံးခဲ့ရပြီး ၁၅၀ ဒဏ်ရာရခဲ့တာမှာ သူတို့အတွက် ဘာအကျိုးများရခဲ့သလဲ။ ဒီလိုပဲ ရထားလမ်းမှာ လူအများအပြား သေကျေ ဒဏ်ရာရအောင် မိုင်းခွဲပြီး လက်နက်ကြီးနဲ့ ပစ်ဖို့ ကြံစည်တဲ့ ကိစ္စမှာရော ဘာအကျိုးများရနိုင်မှာလဲ။ အစိုးရကို သိက္ခာချနိုင်မှာလား၊ တိုင်းပြည် မငြိမ်မသက် ဖြစ်နေပါတယ်လို့ သက်သေထူနိုင်မှာလား၊ သေသေချာချာ စဉ်းစားဖို့ကောင်းပါတယ်။ ရန်ကုန် ဗုံးကွဲခဲ့တဲ့နေရာတွေမှာ အခုပြန်လည်ပြီး ဈေးဝယ်သူတွေ ဥဒဟိုနဲ့လူစည်ကားနေတာပါပဲ။ ဟိုအရင်အစိုးရတွေ လက်ထက်မှာ ရထားလမ်းမိုင်းခွဲအတိုက်ခံရတဲ့ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပေမယ့် ရက်ပိုင်းအတွင်းမှာပဲ ရထားလမ်းပြန်ပြင်ပြီး ခရီးသွားပြည်သူတွေ သွားမြဲသွားနေလျက်ပါပဲ"

"လုပ်ကြံဖန်တီးဇာတ်လမ်းတွေနဲ့ တွန်းပို့ခဲ့လို့ ၈၈ခုနှစ် အရေးအခင်းမှာ မင်းမဲ့စရိုက်တွေပါ ဖြစ်ပေါ်ခဲ့တာ ဒို့အားလုံးမမေ့သင့်ဘူး။ သူတို့တစ်တွေ ဒီလိုလုပ်တတ်မှန်းသိသိကြီးနဲ့ ပြည်သူအချို့ နားယောင်သွားမိကြတာမျိုးလဲ အခုထက်ထိရှိတုန်းပဲလေ။ ဒို့ပြည်သူ အားလုံး သတိထားကြရမှာဖြစ်သလို တာဝန်ရှိသူများကလည်း မကြာခဏ ရှင်းလင်းပြသင့်ပါတယ်"

"ငါတို့အားလုံးထဲမှာ မင်းကတပ်မတော်သား အငြိမ်းစားဆိုတော့ တပ်မတော်ရဲ့ လုပ်ဆောင်တတ်မှုတွေကို ရှင်းပြပါဦး"

"တပ်မတော်ဆိုတာ စည်းကမ်းစနစ်တကျနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပဲ၊ စည်းကမ်းကိုကျောရိုးမဏ္ဍိုင်ပြုပြီး နိုင်ငံတော်၊ နိုင်ငံသားတို့အတွက် အသက်စွန့်လွှတ်ဖို့ အဓိဋ္ဌာန်ပြုသစ္စာဆိုပြီး ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ တာဝန်ကိုထမ်းဆောင်နေတဲ့ အစဉ်အလာကောင်းတဲ့ တပ်မတော်ဖြစ်တယ် ဆိုတာအားလုံးအသိပဲ"

"အထက်အဆင့်ဆင့်က ပေးတဲ့အမိန့်ကို တိကျစွာလိုက်နာလုပ်ဆောင်ကြရတာ တပ်မတော်ရဲ့ သဘောသဘာဝတစ်ခုပဲ။ ရည်မှန်းချက်တာဝန်ပေးရင် ဘာတွေဘယ်လောက်ပဲ နှောင့်ယှက်ကာဆီးဟန့်တားနေပါစေ အဲဒီရည်မှန်းချက်ကို အောင်မြင်အောင် စိတ်ဓွဲသတ္တိအရင်းခံပြီး စွန့်လွှတ်စွန့်စားမှုနဲ့ အသက်ကိုတောင် ပဓာနမထားဘဲ အောင်မြင်ပြီးမြောက်သည်အထိ တာဝန်ထမ်းဆောင်ကြရစမြဲပဲ"

"အခုလဲ ဘယ်ပါတီ၊ ဘယ်သူ တစ်ဦးတစ်ယောက်မှ နိုင်ငံတော် တည်ငြိမ်အောင် မထိန်းသိမ်းနိုင်ခဲ့လို့ တပ်မတော်က သမိုင်းပေး တာဝန် တစ်ရပ်အနေနဲ့ နိုင်ငံတော်အာဏာကိုရယူပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် အောင်၊ ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်ပေါ်ထွက်လာအောင်၊ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် စနစ်တကျ အကောင်အထည်ဖော်နေတာ အမြင်ပဲလေ"

"ဒို့တပ်မတော်မှာ ဘာပဲလုပ်လုပ် စနစ်တကျနဲ့ အကျိုးအများဆုံး၊ အပြစ်အနည်းဆုံးဖြစ်တဲ့ အကောင်းဆုံးနည်းလမ်းကို ဖော်ထုတ်ရယူပြီးမှ စီမံချက်လုပ်ပြီး အကောင်အထည်ဖော်တာပါ။ အခုနိုင်ငံတော်တည်ဆောက်ရေးမှာလည်း **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရန်"** ဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ပြီး လက်ရှိအခြေအနေ အချိန်အခါနဲ့ ကိုက်ညီတဲ့ နည်းလမ်းတွေဖော်ထုတ်၊ အကောင်းဆုံးနည်းလမ်းကိုရွေးချယ်၊ စီမံချက်ချလို့ စနစ်တကျ အကောင်အထည်ဖော်နေတာဖြစ်တယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး။ ဒါကြောင့်လဲ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ထွက်ပေါ်လာပြီး အဲဒီမူဝါဒလမ်းစဉ်အတိုင်း အောင်မြင်အောင် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပဲလို့ ယုံကြည်တယ်လေ။ ဘယ်လိုအနှောင့်အယှက် အဟန့်အတားနဲ့ပဲ တွေ့တွေ့ကြုံကြုံ တပ်မတော်သားတို့ရဲ့ သဘောသဘာဝအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားတစ်ခုကိုပဲကြည့်ပြီး အောင်မြင်အောင် မလွဲမသွေဖော်ဆောင်သွားမှာပဲ"

"ငါ့အမြင် ငါ့အယူအဆကို ပြောရမယ်ဆိုရင် NLD ပါတီကို တပ်မတော်က နှစ်ပေါင်းများစွာ လက်တွဲဖို့ ကမ်းလှမ်းခဲ့တာပဲလေ။ အမျိုးသားညီလာခံမှာ နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားလူမျိုးအားလုံးရဲ့ကိုယ်စားလှယ်တွေ၊ လူထုလူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်တွေ၊ ပါတီအသီးသီးက ကိုယ်စားလှယ်တွေစတဲ့ ကိုယ်စားလှယ်တွေ ပြည့်ပြည့်စုံစုံနဲ့ ကျင်းပခဲ့တာပဲလေ။ အဲဒီကနေမှ NLD ပါတီက သူ့သဘောနဲ့သူ နုတ်ထွက်သွားခဲ့တယ်။ အမျိုးသားညီလာခံ ခေတ္တရပ်ဆိုင်းပြီး ပြန်လည်ကျင်းပတော့လည်း NLD ကို ထပ်မံဖိတ်ကြားခဲ့တာမှာ NLD က တောင်းဆိုချက်အားလုံး အပြည့်အဝ မရလို့ဆိုပြီး မတက်ရောက်ခဲ့ပြန်ဘူးလေ"

"မောင် က အကြိမ်ကြိမ်အခါခါ ခေါ်ခဲ့ပေမယ့် မယ် က မလိုက်ပါခဲ့ဘူး။ အခု မောင် က အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေ ခရီးဆက်အကောင်အထည်ဖော်လို့ တော်တော်လေး ခရီးရောက်နေမှ မယ် က နောက်ကနေ လှမ်းခေါ်နေတဲ့ သဘောမျိုးဖြစ်နေတယ်။ အဲဒီတော့ တပ်မတော်ကတော့ သူချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်အတိုင်းပဲ မဆုတ်မနစ်သော ဇွဲလုံ့လ၊ ခိုင်မာသောသန္နိဋ္ဌာန်တို့နဲ့ အောင်မြင်ပြီးဆုံးသည်အထိ ခရီးဆက်နေမယ်လို့ မြင်တယ်။ နိုင်ငံနဲ့လူမျိုး အကျိုးအတွက် လုံးဝ နောက်မတွန့်တော့ဘူးလို့ ထင်တယ်။ မောင် သွားရာ လမ်းကြောင်းအတိုင်း မယ် က လိုက်ပါပူးပေါင်းလုပ်မှပဲ ရနိုင်တော့မယ်လို့ မြင်တယ်။ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားအတွက် ကိုယ်နဲ့ကိုယ့်ပါတီ အကျိုးကို ခေတ္တချန်ထားပြီး လိုက်ပါပူးပေါင်း လုပ်ဆောင်သင့်တယ်လို့လဲ တိုက်တွန်းချင်ပါတယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်နဲ့ ပြည်သူတွေ အကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကြမယ်ဆိုရင် အကောင်းဆုံးပဲလေ။ တပ်မတော်ဆိုတာ နိုင်ငံရေးပါတီမှ မဟုတ်ဘဲ။ နိုင်ငံတော်တည်တံ့နေသရွေ့ တပ်မတော်ဆိုတာ အမျိုးသားအကျိုးစီးပွားအတွက် အမြဲရှိနေမှာပါ။ နိုင်ငံတော်၊ နိုင်ငံသားတို့ရဲ့ အကျိုးတစ်ခုကိုပဲ ဦးတည် လုပ်နေတဲ့ အစဉ်အလာရှိပြီးသား တပ်မတော်ဖြစ်တာမို့လည်း ပါတီနဲ့ အဖွဲ့အစည်းအသီးသီး၊ နိုင်ငံရေးသမား ပုဂ္ဂိုလ်အသီးသီးတို့က ပကတိ အရှိကို အရှိအတိုင်း သုံးသပ်ရှုမြင်ပြီး တပ်မတော်နဲ့ လိုက်ပါလက်တွဲ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကောင်းဆုံးပါပဲလို့ ဆိုချင်ပါတယ်"

ထိုသို့ စကားဝိုင်းဖွဲ့ ကောင်းနေစဉ်မှာပင် အိမ်သို့ပြန်ကြရန် အချိန်ကျရောက်နေပြီမို့ အငြိမ်းစားများ စကားဝိုင်းကို ရပ်ဆိုင်းကာ နှုတ်ဆက်လို့ ထွက်ခွာသွားကြပါသည်။ ကျွန်တော့်အတွေးဖြင့်မှုကား သားရွှေအိုး ထမ်းလာသည့် စကားရပ်ပမာ စုစုစည်းစည်း၊ စည်းစည်းလုံးလုံးနှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြမည်။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတို့၏ အကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပြီး ဆောင်ရွက်နိုင်မည် ဆိုပါက **ကမ္ဘာတွင် မြန်မာဟေ့** လို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖွံ့ဖြိုးတိုးတက်လာတော့မယ့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မြင်ယောင်နေမိပါတော့သည်။ ။

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ
အာရှမှ ဆော်ဒီအသင်း ဘယ်လို နွဲမလဲ

ပြုစုရေးသားသူ
မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၂၃

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကား တဖြည်းဖြည်း နီးကပ်လာချေပြီ။ ကမ္ဘာ့ဘောလုံး ပရိသတ်ကြီးလည်း ပြိုင်ပွဲဝင် ၃၂သင်း၏ ပြောင်းလဲမှုနှင့် ထူးခြားမှု သတင်းများကို နားစွင့်လျက်ရှိရာ ဆော်ဒီအာရေဗျအသင်း၏ အနေအထားကို မြန်မာ့အလင်း ဘောလုံးဝါသနာအိုးတို့သိရှိနိုင်ရန် Yangon Entertainment Ltd.မှ ရရှိသော အချက်များကို အခြေခံကာ ဖော်ပြလိုက်ပါသည်။

ဆော်ဒီအာရေဗျအသင်း

ဆော်ဒီအာရေဗျအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၉၄ ခုနှစ်မှစတင်ဆင်နွှဲခဲ့သည့်အသင်းဖြစ်သည်။ ဆော်ဒီအာရေဗျအသင်းအနေဖြင့် အမြင့်ဆုံးအောင်မြင်မှုမှာ စတင်ဝင်ပြိုင်သည့် ၁၉၉၄ ခုနှစ်၌ အုပ်စုဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်သာ အမြင့်ဆုံး မှတ်တမ်းဖြစ်သည်။

အုပ်စုပထမ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ ယခုအကြိမ် အပါအဝင် လေးကြိမ်မြောက်ပါဝင်ကစားနိုင်ခဲ့သည့် အသင်းဖြစ်ပြီး အာရှဇုန် အုပ်စု(က)၌ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်လာသည့် အသင်းဖြစ်သည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌ အာရှနာမည်ကြီး တောင်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်အသင်းများကို အနိုင်ယူပြီး ခြေစစ်ပွဲအောင်ခဲ့သည့်အတွက် ခြေစွမ်းမနိမ့်သော အသင်းဖြစ်သည်။ အာရှ၌ ခြေစွမ်းအမှန်ဆုံးနှင့်တိုးတက်မှုပုံမှန် ဖြစ်ထွန်းသော အသင်းမှာလည်း ဆော်ဒီအာရေဗျအသင်းပင်ဖြစ်သည်။

ဆော်ဒီ
နည်းပြ

ဆော်ဒီအသင်းနည်းပြ ဂါဘရီရယ် ကယ်လ်ဒါရွှန်။

(ဓာတ်ပုံ-အင်တာနက်)

ဆော်ဒီနည်းပြ

ဆော်ဒီအသင်းနည်းပြမှာ ဂါဘရီရယ်ကယ်လ်ဒါရွှန်ဖြစ်သည်။ အာရှဇုန် အုပ်စု(က)တွင် အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ရန် ပံ့ပိုးပေးနိုင်ခဲ့သူဖြစ်သည်။ ဆော်ဒီအသင်းသည် ငွေအင်အား၊ ပစ္စည်းကိရိယာ အထောက်အပံ့များကို အပြည့်အဝ ဖြည့်စွမ်းပေးထားခြင်းကြောင့် ကမ္ဘာ့ဖလားပွဲ၌ ရလဒ်ကောင်းများပြနိုင်ရန် နည်းပြကယ်လ်ဒါရွှန်အပေါ်တွင် အဓိကတည်ရှိနေသည်။

ခြေစစ်ပွဲအောင်

အာရှချန်ပီယံ သုံးကြိမ် ရရှိခဲ့ဖူးသည့် ဆော်ဒီအသင်းသည် ၁၉၉၄ ခုနှစ်မှ လေးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်ထားသည့်အသင်းဖြစ်ရာနည်းပြကယ်လ်ဒါရွှန် အစွမ်းဖြင့် မည်သည့်အဆင့်အထိ ရောက်ရှိနိုင်မည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

ကြိုးစားသွားမည်

နည်းပြ ကယ်လ်ဒါရွှန်က မိမိတို့ဆော်ဒီအသင်းသည် ယခင်က ရရှိခဲ့ဖူးသော ဒုတိယအဆင့် အုပ်စုပြိုင်ပွဲထက် ပိုမိုကောင်းမွန်သော ရလဒ်ကို ရရှိအောင် ကြိုးစားသွားမည်ဟု ပြောကြားနေသည်။

ဆော်ဒီအာရေဗျ လက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

စောင့်ကြည့်ရမည့်ကစားသမား

ဆော်ဒီအသင်းကို ဦးဆောင်ကစားမည့်သူမှာ ဆာမီအယ်လ်ဂျာဘား ဖြစ်သည်။ ဂျာဘားအနေဖြင့် ၁၉၉၄၊ ၁၉၉၈နှင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ၌ ဆော်ဒီအသင်းအတွက် ကစားပေးခဲ့သူဖြစ်သည်။

အနိုင်ဂိုးနှစ်ဂိုး

အသက်(၃၄)နှစ်အရွယ်ရှိ ဂျာဘားသည် ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံရင့် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဆော်ဒီအသင်း ခြေစစ်ပွဲအောင်ရန် ဥဇဘက်ကစ္စတန်နှင့်ပွဲ၌ အနိုင်ဂိုး နှစ်ဂိုးသွင်းပေးခဲ့သူလည်းဖြစ်သည်။

ဝါရင့်သမ္ဘာရင့် တိုက်စစ်မှူးကြီး ဂျာဘားအနေဖြင့် နိုင်ငံတကာပွဲပေါင်း ၁၅၀ကျော်ခဲ့ပြီးသည့် တိုက်စစ်မှူးကြီးဖြစ်ရာ ကမ္ဘာ့ဖလားပွဲလေးကြိမ်ပါဝင်ကစားခဲ့ဖူးသည့် ကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းတင်နိုင်တော့မည်ဖြစ်သည်။ ဂျာဘားသည် အသက်အရွယ်ရလာသော တိုက်စစ်မှူးဖြစ်သော်လည်း တစ်ဖက်အသင်းကို အန္တရာယ်ပေးနိုင်သော တိုက်စစ်မှူးကောင်းတစ်ဦးအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ကစားရမည့်ပွဲစဉ်များ

ဆော်ဒီအသင်းသည် ကမ္ဘာ့ဖလားအုပ်စု(ဇ)၌ ပါဝင်လျက်ရှိရာ ဇွန်၁၄ရက်တွင် တူနီးရှား၊ ဇွန်၁၉ရက်တွင် ယူကရိန်း၊ ဇွန်၂၃ရက်တွင် စပိန်အသင်းတို့နှင့် အုပ်စုပွဲစဉ်များ ဆင်နွှဲရမည်ဖြစ်သည်။ အုပ်စု(ဇ)တွင် ဆော်ဒီတို့ အုပ်စုမှတက်ရန် ရေပန်းမစားသော်လည်း အကောင်းဆုံးယှဉ်ပြိုင်မှုဖြင့် ကြိုးစားကစားသွားမည်ဟု နည်းပြကယ်လ်ဒါရွှန်က ဆိုထားရာ ဆော်ဒီအသင်း၏ ခြေစွမ်းကို စောင့်ကြည့်ရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)



ဆော်ဒီ
တိုက်စစ်မှူး

ဆော်ဒီအသင်းအတွက် အားထားရမည့် တိုက်စစ်မှူး ဆာမီ အယ်လ်ဂျာဘား။

(ဓာတ်ပုံ-အင်တာနက်)

အီတလီ အိုးပင်းတင်းနစ်ပြိုင်ပွဲ
မာတီနာဟင်းဂစ် ဗိုလ်စွဲ

ရောမ မေ ၂၃

ကမ္ဘာ့အဆင့်တစ် တင်းနစ်အားကစားမယ်ဟောင်း မာတီနာဟင်းဂစ်သည် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ရုရှားတင်းနစ်မယ် ဒိုင်ယာနာဆာဖီနာအပေါ် ၆-၂၊ ၇-၅ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိကာ ဗိုလ်စွဲသွားပြီဖြစ်သည်။

တစ်ကျော့ပြန်ဝင်လာ

ပြီးခဲ့သည့် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလက ဂျပန်နိုင်ငံ တိုကျိုမြို့ တင်းနစ်ပြိုင်ပွဲမှစတင်ကာ တင်းနစ်လောကနှင့် အဆက်ပြတ်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှ ကမ္ဘာ့တင်းနစ်လောကသို့ တစ်ကျော့ပြန်ဝင်ကာ ယခု အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

စိတ်ဓာတ်မြှင့်တင်ပေး

မာတီနာဟင်းဂစ်၏ ယခုပွဲအောင်မြင်မှုသည် ကမ္ဘာ့ထိပ်တန်းတင်းနစ်မယ် ၁၅ ဦးစာရင်းအတွင်း ဝင်ရောက်စေခဲ့ပြီး နောက်သီတင်းပတ် တနင်္ဂနွေနေ့တွင် စတင်မည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက်လည်း ဟင်းဂစ်အား စိတ်ဓာတ်မြှင့်တင်ပေးရာ ရောက်စေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဂျို့အာမင်ဒိုဆန်တာခရုဇ်၏ ထိုးသတ်ဟန်

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် မေ ၂၁ရက်က ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ လိုက်ဝိတ်တန်းချန်ပီယံ လက်ဝှေ့ထိုးသတ်ပွဲ၌ လော့အိန်ဂျလိစ်မြို့သား ဂျို့အာမင်ဒိုဆန်တာခရုဇ် (ယာ) **နှင့် ဂျပန်မှ ချီကာရှီအီနာဒါတို့ ထိုးသတ်စဉ်။**

(၎င်းပွဲတွင် ဆန်တာခရုဇ်က ခြောက်ချီ၌ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ နွှဲမည့်
ဆော်ဒီအာရေဗျအသင်း

ဘာလင် မေ ၂၃

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ဆော်ဒီအာရေဗျအသင်းမှ ဆန်ခါတင် လူစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ဂိုး – မိုဟာမက်အယ်ဒီရာယီရာ၊ မာဘရော့ခ်ဇာယတ်၊ မိုဟာမက်ခိုဂျာ။

နောက်တန်း – မိုဟာမက်အယ်ဒေါ့ခီ၊ ရက်ဟာတာကာ၊ မိုဟာမက်အယ်မွန်တာဆာရီ၊ အာမက်အယ်ဘာရီ၊ မိုဟာမက်မာဆတ်၊ နာယက်ဖ်အယ်ကတ်ဟီ၊ ဟူစိန်အဗ္ဗဒူဂါနီ၊ အဗ္ဗဒူအဇစ်အယ်ခါသရမ်။

အလယ်တန်း – ဆဝုဒ်ကာရီရီ၊ မိုဟာမက်နိုရာ၊ မိုဟာမက်အာမင်၊ ခါလစ်အဇစ်၊ အိုမာအယ်ဂရမ်ဒီ၊နာဝပ်ဖ်အယ်တမ်ယတ်၊ မိုဟာမက်အယ်ရှာဟုပ်။

ရှေ့တန်း – ဆာမီအယ်လ်ဂျာဘား၊ ယာဆာအယ်ကွာတာနီ၊ မိုဟာမက်အယ်အင်ဘာ၊ ဟာသီ၊ မာလက်ခ်မတ်တို့ ဖြစ်သည်။

(အင်တာနက်)

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးကွင်းများမိတ်ဆက်

**စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည် ဖြစ်သည်။ ကမ္ဘာ့ဘောလုံးပရိသတ်ကြီးလည်း ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ စတင်ကျင်းပမည့် ဇွန် ၉ ရက်နေ့ကို မျှော်တလင့်လင့် ဖြစ်လျက် ရှိနေကြပေပြီ။ ထို့ကြောင့် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံရှိ ဘောလုံးကွင်းများအနေအထားကို မြန်မာ့အလင်းဘောလုံးပရိသတ်ကြီးသိရှိရန်အင်တာနက်သတင်းမှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။



ဖရန့်ကင် အားကစားကွင်း။
(ဓာတ်ပုံ–အင်တာနက်)

အလီယန်ဇ်အရီနာကွင်းသစ်

၂၀၀၆ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအဖြစ် အိမ်ရှင်ဂျာမနီနှင့် ကော်စတာရီကာအသင်းတို့ စတင်ကစားမည့်ကွင်း ဖြစ်သည်။ မြူးနစ်မြို့တွင် တည်ရှိပြီး ဂျာမနီရှိကမ္ဘာ့ဖလား ဘောလုံးပွဲများ လက်ခံကျင်းပရာ ကွင်းများအနက် အကြီးမားဆုံးကွင်းလည်း ဖြစ်သည်။ ဘောလုံးကွင်းပုံသဏ္ဌာန် အထူးခြားဆုံးဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကိုလည်း ၎င်းကွင်း၌ပင် ပြုလုပ်မည် ဖြစ်သည်။

ဖရန့်ဖွတ်အားကစားကွင်း

ဖရန့်ဖွတ် အားကစားကွင်းသည် ၁၉၂၅ခုနှစ်က စတင်တည်ဆောက်ခဲ့သည့်ကွင်းဖြစ်ပြီး ပရိသတ် ၄၃၃၂၄ ဦး ဝင်ရောက်ကြည့်နိုင်သည်။ ဖရန့်ဖွတ်မြို့တွင်တည်ရှိပြီး ဇွန်၁၀ရက်၌အင်္ဂလန်နှင့် ပါရာဂွေးတို့ ဘောလုံးပွဲစဉ်ဖြင့် စတင်လက်ခံ ကျင်းပမည်ဖြစ်သည်။ ဖရန့်ဖွတ်ကွင်းတွင် ဇွန်၁၃ရက်၌ တောင်ကိုရီးယားနှင့် တိုဂို၊ ဇွန် ၁၇ ရက်တွင် ပေါ်တူဂီနှင့် အီရန်၊ ဇွန် ၂၁ ရက်တွင် နယ်သာလန်နှင့် အာဂျင်တီးနား၊ ဇူလိုင် ၁ ရက် ကွာတားဖိုင်နယ်ပွဲစဉ်ကို လက်ခံကျင်းပမည် ဖြစ်သည်။

ရိန်းအီနာဂျင်အားကစားကွင်း

ဂျာမနီနိုင်ငံ ကိုလော့နေမြို့တွင် တည်ရှိပြီး ၁၉၂၃ ခုနှစ်က တည်ဆောက်ထားသော ကွင်းဖြစ်သည်။ ပရိသတ် ၄၀၅၉၀ ဝင်ရောက် ကြည့်ရှုနိုင်ပြီး လုံခြုံမှုအများဆုံးပေးနိုင်သော ကွင်းဖြစ်သည်။ ရိန်းအီနာဂျင်ကွင်းတွင် ဇွန် ၁၁ ရက်၌ အင်ဂိုလာနှင့်ပေါ်တူဂီအသင်း၊ ဇွန် ၂၀ ရက်တွင် ဆွီဒင်နှင့် အင်္ဂလန်၊ ဇွန် ၂၂ ရက်တွင် ချက်နှင့် အီတလီ၊ ဇွန် ၂၃ရက်တွင် တိုဂိုနှင့် ပြင်သစ်၊ ဇွန် ၂၆ရက်တွင် ကမ္ဘာ့ဖလားပွဲစဉ် (၅၄) ကို လက်ခံကျင်းပပေးမည် ဖြစ်သည်။

ဟန်နိုဗာမြို့ရှိ အေဒဗလျူဒီ အရီနာ အားကစားကွင်း။
(ဓာတ်ပုံ–အင်တာနက်)

ဗီလ်တင်စ်အရီနာအားကစားကွင်း

ဂျာမနီနိုင်ငံ ဂီလ်ဆန်ကီရာချန်မြို့တွင် တည်ရှိပြီး ၂၀၀၁ ခုနှစ်က တည်ဆောက်ထားသည့် ကွင်းသစ်ဖြစ်သည်။ ခေတ်မီမိုးလုံလေလုံကွင်းဖြစ်ပြီး ပရိသတ် ၄၈၄၂၆ဦး ကြည့်ရှုနိုင်သည်။ ဗီလ်တင်စ်အရီနာကွင်းတွင် ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များအဖြစ် ဇွန် ၉ ရက်တွင် ပိုလန်နှင့် အီကွေဒေါ၊ ဇွန် ၁၂ရက်တွင် အမေရိကန်နှင့် ချက်၊ ဇွန် ၁၆ ရက်တွင် အာဂျင်တီးနားနှင့် ဆားဘီးယားနှင့် မွန်တီနီဂရိုး၊ ဇွန် ၂၁ရက်တွင် ပေါ်တူဂီနှင့် မက္ကဆီကို၊ ဇူလိုင် ၁ ရက်တွင် ကွာတားဖိုင်နယ် ပွဲစဉ်များကို လက်ခံကျင်းပမည် ဖြစ်သည်။

ဖန်တရာ အားကစားကွင်း

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ၂၀၀၄ခုနှစ်၌တည်ဆောက်ခဲ့သည့် အားကစားကွင်းဖြစ်သည်။ ပရိသတ် ၃၈၈၉၈ဦး ကြည့်ရှုနိုင်ပြီး ခေတ်မီဒီဇိုင်းပုံစံဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ဖန်တရာစတေဒီရှင်း အားကစားကွင်း၌ ကမ္ဘာ့ဖလားပွဲစဉ်များအဖြစ် ဇွန် ၁၁ ရက်တွင် ဆားဘီးယားနှင့် မွန်တီနီဂရိုးနှင့် နယ်သာလန်၊ ဇွန် ၁၄ရက်တွင် စပိန်နှင့် ယူကရိန်း၊ ဇွန် ၁၈ရက်တွင် ပြင်သစ်နှင့် တောင်ကိုရီးယား၊ ဇွန် ၂၁ရက်တွင် အီရန်နှင့် အင်ဂိုလာ၊ ဇွန် ၂၄ရက်တွင် ကမ္ဘာ့ဖလားပွဲစဉ် (၅၀)ကို လက်ခံကျင်းပမည်ဖြစ်သည်။

ဖရန့်ကင် အားကစားကွင်း

ဂျာမနီနိုင်ငံ နုရင်ဘတ်မြို့တွင် တည်ရှိပြီး ၁၉၂၈ခုနှစ်က တည်ဆောက်ထားသည့် ကွင်းဖြစ်သည်။ ပရိသတ် ၃၆၈၉၈ဦး ကြည့်ရှုနိုင်ပြီး အက်ဖ်စီနုရင်ဘတ် ကလပ်အသင်းတည်ရှိရာမြို့လည်းဖြစ်သည်။ ရိုးစင်းလှပသော အားကစားကွင်းပုံစံဖြစ်ပြီး ကမ္ဘာ့ဖလားပွဲစဉ်များအဖြစ် ဇွန် ၁၁ရက်တွင် မက္ကဆီကိုနှင့် အီရန်၊ ဇွန် ၁၅ရက်တွင် အင်္ဂလန်နှင့် ထရီနီဒတ်၊ ဇွန် ၁၈ရက်တွင် ဂျပန်နှင့် ခရိုအေးရှား၊ ဇွန် ၂၂ရက်တွင် ဂါနာနှင့် အမေရိကန်၊ ဇွန် ၂၅ ရက်တွင် ကမ္ဘာ့ဖလားပွဲစဉ် (၅၂)ကို လက်ခံကျင်းပမည်ဖြစ်သည်။

အေဒဗလျူဒီအရီနာ အားကစားကွင်း

ဟန်နိုဗာမြို့တွင် တည်ရှိပြီး ၁၉၅၄ ခုနှစ်က တည်ဆောက်ထားသော အားကစားကွင်းဖြစ်သည်။ ပရိသတ် ၃၉၂၉၇ဦးဝင်ရောက်ကြည့်ရှုနိုင်ပြီး ခေတ်မီဒီဇိုင်းပုံစံဖြင့် မိုးလုံလေလုံ တည်ဆောက်ထားသော အားကစားကွင်း ဖြစ်သည်။ ကမ္ဘာ့ဖလားပွဲစဉ်များအဖြစ် ဇွန် ၁၂ ရက်တွင် အီတလီနှင့် ဂါနာ၊ ဇွန် ၁၆ ရက်တွင် မက္ကဆီကိုနှင့် အင်ဂိုလာ၊ ဇွန်၂၀ရက်တွင် ကော်စတာရီကာနှင့် ပိုလန်၊ ဇွန် ၂၃ရက်တွင် ဆွစ်ဇာလန်နှင့် တောင်ကိုရီးယားအသင်း၊ ဇွန် ၂၇ရက်တွင် ကမ္ဘာ့ဖလားပွဲစဉ် (၅၅)ကို လက်ခံကျင်းပပေး မည်ဖြစ်ပေသည်။ ။

(ကိုးကား–အင်တာနက်)



ဖန်တရာစတေဒီရှင်း အားကစားကွင်း။ (ဓာတ်ပုံ–အင်တာနက်)



ကိုလော့နေမြို့တွင်ရှိသော ရိန်းအီနာဂျင် အား က စား ကွင်း။
(ဓာတ်ပုံ–အင်တာနက်)



၂၀၀၆ ကမ္ဘာ့ဖလားဖွင့်ပွဲ ကျင်းပမည့် အလီယန်ဇ်အရီနာအားကစားကွင်းသစ်။
(ဓာတ်ပုံ–အင်တာနက်)



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာစေရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉–၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၀၄၄၄၊ ၂၄၄၀၀၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်ဖွင့်ပွဲကျင်းပမည် အတန်းအသီးသီး၌ ပါဝင်ယှဉ်ပြိုင်ရန် ၅၄ သင်း စာရင်းပေးသွင်းထား

သတင်းဆောင်းပါး — ကိုထွေး

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် အသက်(၂၀)အောက် လူငယ်ပြိုင်ပွဲများကို ဇွန် ၁၉ ရက်မှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီအတွက် အတန်းအသီးသီး၌ ပါဝင်ယှဉ်ပြိုင်ရန် ဘောလုံးအသင်း ၅၄ သင်း စာရင်းပေးသွင်းထားပြီဖြစ်သည်။

အထူးဘောလုံးပွဲ

၂၀၀၆–၂၀၀၇ခုနှစ်ဘောလုံးရာသီ မြန်မာလိဂ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ ဖွင့်ပွဲ အခမ်းအနား မစတင်မီ တေးဂီတ ဖျော်ဖြေမှုများဖြင့် တင်ဆက်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဘောလုံးအသင်း ၅၄ သင်းမှ အားကစားသမားများ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ ဖွင့်ပွဲအပြီးတွင် ဖွင့်ပွဲအထိမ်းအမှတ် အထူးဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ယမန်နှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲချန်ပီယံ စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆင့်မြင့်တန်း

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့် အမှတ်ပေးနှင့် ကွင်းပိတ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် အတွက် ဘောလုံးအသင်း ၁၄ သင်း စာရင်းပေးသွင်းထားသည်။ ယမန်နှစ် ဘောလုံးရာသီ၌ အဆင့်မြင့်တန်း ပြိုင်ပွဲတွင် ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း လယ်ယာထွက်ကုန်အသင်းနှင့်စွန်ရဲအသင်းတို့အသင်းဖျက်သိမ်းလိုက်ပြီဖြစ်၍ ယခုနှစ်ပြိုင်ပွဲ၌ ၁၄ သင်းသာယှဉ်ပြိုင်ခြင်းဖြစ်သည်။

အဆင့်မြင့်တန်းပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများမှာ ဘဏ္ဍာ/အခွန်အသင်း၊ စီးပွား/ကူးသန်းအသင်း၊ ပို့ဆောင်ရေးအသင်း၊ စွမ်းအင်အသင်း၊ မြန်မာ့မီးရထားအသင်း၊ မြို့တော်စည်ပင်အသင်း၊ ကမ္ဘောဇအသင်း၊ ဆောက်လုပ်ရေးအသင်း၊ သစ်တောရေးရာအသင်း၊ ပြည်ထဲရေးအသင်း၊ လယ်ယာ/ ဆည်မြောင်းအသင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားအသင်းနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းတို့ ဖြစ်ကြသည်။ မြန်မာ့မီးရထားအသင်းမှာ တံခွန်အသင်းကို အမည်ပြောင်းလဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ လျှပ်စစ် စွမ်းအားအသင်းနှင့်ဆက်သွယ်ရေး၊ စာတိုက်အသင်းတို့မှာ ပထမတန်းမှ အတန်းတက်လာခြင်းဖြစ်သည်။

ပထမတန်း

၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ပထမတန်းကွင်းဖွင့် အမှတ်ပေးနှင့် ကွင်းပိတ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ၁၁ သင်း စာရင်းပေးသွင်းထားသည်။ ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများမှာ ရထားပို့ဆောင်ရေးအသင်း၊ တပ်မတော်(ကြည်း)အသင်း၊ သတ္တုတွင်းအသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း၊ တပ်မတော်(ရေ)အသင်း၊ စက်မှု(၁)အသင်း၊ VIVA အသင်း၊ တပ်မတော်(လေ)အသင်း၊ မလိခအသင်း၊ First Eleven အသင်းနှင့် ဝီရအသင်းတို့ဖြစ်ကြသည်။ ရထားပို့ဆောင်ရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့မှာ အဆင့်မြင့်တန်းမှ အတန်းဆင်းသွားခြင်းဖြစ်သည်။ First Eleven အသင်းနှင့် ဝီရအသင်းတို့မှာ ဒုတိယတန်းမှ အတန်းတက်လာခြင်းဖြစ်သည်။

ဒုတိယတန်း

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းကွင်းဖွင့် အမှတ်ပေးနှင့် ကွင်းပိတ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ၁၁သင်းစာရင်းပေးသွင်း ထားသည်။ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှာ ကြယ်ပွင့်လေးများ(က)အသင်း၊ အားကစားဝန်ကြီးဌာနအသင်း၊ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်အသင်း၊ ရန်ကုန်တိုင်းလူငယ်အသင်း၊ လွန်းပျံအသင်း၊ ပုလဲနက်အသင်း၊ ဇီယွန်အသင်း၊ တကအ(ရဲမွန်)အသင်း၊ အောင်တံခွန်အသင်း၊ Winner အသင်းနှင့် ဘောဘီဗိုက်တာအသင်းတို့ဖြစ်ကြသည်။

အောင်တံခွန်အသင်းမှာ ပင်မစစ်လက်နက်ပစ္စည်းတပ်အသင်းကို အမည်ပြောင်းလဲယှဉ်ပြိုင်ခြင်းဖြစ်သည်။ ကြယ်ပွင့်လေးများ(က)အသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့မှာ ပထမတန်းမှ အတန်းဆင်းသွားခြင်းဖြစ်သည်။ Winner အသင်းနှင့် ဘောဘီဗိုက်တာအသင်းတို့မှာ တတိယတန်းမှ အတန်းတက်လာခြင်းဖြစ်သည်။

တတိယတန်း

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ တတိယတန်းကွင်းဖွင့် အမှတ်ပေးနှင့် ကွင်းပိတ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ၁၀သင်းစာရင်းပေးသွင်းထားသည်။ ပါဝင်ယှဉ်ပြိုင်မည့်အသင်းများမှာ ငွေကြယ်ပွင့်လေးများအသင်း၊ မျိုးချစ်လူငယ်အသင်း၊ KPYအသင်း၊ ပန်းလှိုင်အသင်း၊ လမ်းမတော်လူငယ်အသင်း၊ ရွှေကြိုးကြာအသင်း၊ ကြယ်ပွင့်လေးများ(ခ)အသင်း၊ အလုံလူငယ်အသင်း၊ အော်စကာအသင်းနှင့် ရဲတံခွန်အသင်းတို့ဖြစ်ကြသည်။ ငွေကြယ်ပွင့်လေးများအသင်းနှင့်မျိုးချစ်လူငယ်အသင်းတို့မှာ ဒုတိယတန်းမှ အတန်းဆင်းသွားခြင်းဖြစ်သည်။ အော်စကာအသင်းနှင့် ရဲတံခွန်အသင်းတို့မှာ တတိယတန်းဝင်ခွင့်ခြေစစ်ပွဲအောင်မြင်၍ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

လူငယ်ပြိုင်ပွဲ

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အသက်(၂၀)အောက် လူငယ်ကွင်းဖွင့် အမှတ်ပေးနှင့် ကွင်းပိတ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ရှစ်သင်းစာရင်းပေးသွင်းထားသည်။ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှာ ဘဏ္ဍာ/အခွန်လူငယ်အသင်း၊ မြို့တော်စည်ပင်လူငယ်အသင်း၊ မြန်မာ့မီးရထားလူငယ်အသင်း၊ အားကစားဝန်ကြီးဌာနလူငယ်အသင်း၊ အား/ကာသိပ္ပံလူငယ်အသင်း၊ ဘုရင့်နောင်သိပ္ပံလူငယ်အသင်း၊ ဆောက်လုပ်ရေးလူငယ်အသင်း၊ တပ်မတော်(ကြည်း)လူငယ်အသင်းတို့ဖြစ်ကြသည်။

ညှိနှိုင်းစည်းဝေး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီပြိုင်ပွဲများ ကျင်းပရေးနှင့် စပ်လျဉ်း၍ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် အသက်(၂၀)အောက် လူငယ်အသင်းတို့၏ အုပ်ချုပ်သူများ တွေ့ဆုံညှိနှိုင်းစည်းဝေးပွဲကို မေ ၁၅ရက်က အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)အိုလံပစ်ဟိုတယ်–၂၌ ကျင်းပခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က "၂၀၀၆–၂၀၀၇ခုနှစ်ဘောလုံးရာသီပြိုင်ပွဲများကျင်းပရေးအတွက် ဆုကြေးငွေများ အပါအဝင် ငွေကျပ်သိန်း ၈၀၀ကျော် အကုန်အကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်ဘောလုံးရာသီပြိုင်ပွဲများ ကျင်းပခဲ့ရာ၌ ဆုကြေးငွေများမပါ ငွေကျပ်သိန်း ၂၀၀ကျော်ကုန်ကျခံသုံးစွဲခဲ့ကြောင်း၊ ကွင်းဝင်ကြေးများမှ ငွေကျပ် သိန်း ၁၀၀ကျော်ရရှိခဲ့၍ ဘောလုံးအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၁၀၀ကျော်ကျခံ သုံးစွဲခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဘောလုံးပြိုင်ပွဲများပုံမှန်ကျင်းပနိုင်ရေးနှင့် ဘောလုံးသမားများပွဲ များများ ကစားခွင့်ရရှိပြီး နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်ဘောလုံးသမားများမွေးထုတ်နိုင်ရေးရည်ရွယ်ချက်ဖြင့် ငွေကြေးအကုန်အကျခံသုံးစွဲနေခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံပါကြောင်း" ပြောကြားခဲ့သည်။ ။

(မြန်မာ့အလင်း)

ဝိုင်အမ်ဘီအေအသင်း အမှုဆောင်လျှောက်ထားနိုင်

ရန်ကုန် မေ ၂၃

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၂၀၀၆–၂၀၀၈ ခုနှစ် အမှုဆောင်အဖွဲ့အတွက် အမှုဆောင်ဝင်ခွင့်လျှောက်လွှာများကို ဇွန် ၁ ရက်မှ ၁၆ ရက် အထိ အသင်းတိုက်၌ လက်ခံမည်ဖြစ်ရာ လျှောက်လွှာ တစ်စောင်လျှင် အလှူငွေကျပ် ၁၀၀၀ ထည့်ဝင်ယူဆောင်ပြီး လျှောက်ထားကြရန်ဖြစ်ကြောင်း သိရသည်။ **(၁၅၂)**

ဖလမ်းမြို့ မီးဘေးသင့် အိမ်ထောင်စုဝင်များအား အလှူငွေနှင့်ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်း

ဖလမ်း မေ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက် မီးဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ရေး အလှူငွေနှင့်ဆေးဝါးပစ္စည်းများ အိမ်ထောင်စု အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၆ ရက်မွန်းလွဲ ၁နာရီက ဖလမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်က မီးဘေးသင့်အိမ်ထောင်စုဝင်များအား အားပေးစကား ပြောကြားပြီး ထောက်ပံ့ရေးအလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်က တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက တစ်အိမ်ထောင်စုလျှင် ငွေကျပ်၁၁၀၀၀နှုန်းဖြင့် လည်းကောင်း၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်စောမူက တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၅၀၀၀နှုန်းဖြင့်လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က တစ်အိမ်ထောင်စုလျှင် ငွေကျပ်၃၀၀၀နှုန်းဖြင့်လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မွန်မွန်တင်က တစ်အိမ်ထောင်စုလျှင်ငွေကျပ်၃၀၀၀နှုန်းဖြင့်လည်းကောင်း၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဦးလာလ်သင်မန်းက တစ်အိမ်ထောင်စုလျှင် ငွေကျပ်၅၀၀၀နှုန်းဖြင့်လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကြက်ခြေနီအသင်းနှင့် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနကလည်း ဆေးဝါးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကဝမြို့နယ် ခမဲပြင်အောင်မြေကျွန်းမြတ် ဗုဒ္ဓဝင်ပြတိုက်ဖွင့်၊ ထီးတော်တင်လှူ

ကဝ မေ ၁၆

ကဝမြို့နယ် ခမဲပြင်အောင်မြေကျွန်းမြတ်တွင် ပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသော သိန်းနှစ်ရာကျော်တန် ဗုဒ္ဓဝင်ပြတိုက်နှင့် ပြတိုက်အပေါ်ရှိ စေတီတော်အား ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို မေ၁၁ရက်က ရင်ပြင်တော်တွင် ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဇောတိပါလနှင့် မြို့နယ် သံဃနာယက ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့်ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ပင့်ဆောင်တင်လှူ

အခမ်းအနားတွင် ဗုဒ္ဓဝင်ပြတိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရွှေထီးတော် တင်လှူပွဲကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက **(အပေါ်ပုံ)** ရွှေထီးတော်အဆင့်ဆင့်ပင့်ဆောင်၍ပန်းရထားဖြင့် တင်လှူကြသည်။

(၂၄၀)

အရိပ်နေလျက် အခက်မချိုး

မျှစ်ကိုချိုးလည်း ဝါးမျိုးမသတ်

ဝတ်ရည်ကိုစား ပန်းများမခြွေ

စိမ်းနေဦးမည် ဒို့တောမြေ

တာချီလိတ်၌ နွေစပါးစံကွက်ရိတ်သိမ်း

တာချီလိတ် မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်တွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို မေ ၂ရက်က မိုင်းကိုးကျေးရွာအုပ်စု ကွင်းအမှတ် (၇) ဦးပိုင်အမှတ်၄၆ တောင်သူဦးစိုင်းကယ်ခမ်း၏နွေစပါးစိုက်ခင်း၌ ကျင်းပသည်။

ထို့နောက် နွေစပါး စံကွက်ရိတ်သိမ်းခြင်းကိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်ဝင်း၊ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်း၊ ပြည်နယ်စစ်ဆေးရေး ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှူး ကော်မတီဝင်တို့ ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

အဆိုပါ နွေစပါးမျိုးမှာ ဆင်းကရီ(၃)ဖြစ်ပြီး စိုက်ဧက၅ဒသမ ၅၉ ဧကမှဒသမ၁ဧကကို စံကွက်ရိတ်သိမ်းဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်း အစို ၁၅၅ တင်း၊ အခြောက် ၁၄၀ ဒသမ ၈၈တင်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

စာကြည့်တိုက်ဖွင့်လှစ်ရေး ကောလင်း၌ ညှိနှိုင်း

ကောလင်း မေ ၅

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့စုပေါင်း၍ ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၇ရက်က ကောလင်းမြို့နယ် ရေကန်သာအုပ်စု လွယ်မောင်တောင်ကျေးရွာစာကြည့်တိုက်တွင် ကျင်းပသည်။

(၀၂၆)

ရွှေဘိုမြို့ အောင်ဇေယျလမ်းမဘေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို မေ ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့သစ်ကမ်းနားပတ်လမ်း စက်ယန္တရားဖြင့်ဖော်ထုတ်

မြိတ် မေ ၂

မြိတ်မြို့သစ်ဖော်ထုတ်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကမ်းနားပတ်လမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်စက်ယန္တရားများဖြင့် ဖော်ထုတ်ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဂဝံမြေနီလမ်းသည် အရှည်ပေ ၁၁၀၀၀၊အကျယ်ပေ ၃၀၊အမြင့် ငါးပေရှိရာ အရှည်ပေ ၈၀၀၀မှာ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော်(၁၄ရက်)
၂၅-၅-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	စက်မှုစွမ်းအား ခေတ်ကျော်လွှား (စက်မှုစားကုန်အတွက် စက်ရုံသန့်ရှင်းရေး အရေးပါမှု အကြောင်း) (အပိုင်း-၁)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) လက်စွဲအင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန် (ဦးဝမ်ထိန်) (၂) ရေသွန်မြစ်ဝတ္ထုတိုများ (နေဝင်းမြင့်)
၁၂း၀၀	သိပ္ပံပညာ သိကောင်းစရာ (စိတ်သောကဖိစီးမှုအကြောင်း-မောင်ဆုရှင်)
၁၂း၃၀	အစာနှင့် အာဟာရ (ငါးမြွေထိုး)

ညနေပိုင်း

၁၆း၃၀	နိုင်ငံတကာ စီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀	ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး - ဖွဲနဲ့ ဆန်ကွဲ - ချစ်သူ့ကိုယ်စား - မိုးသက်လေနှင်
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) အမုန်းတိုင်လေးစိုက်ထားတယ် (၂) သင်ပုန်းချေပါသခင်မုန်းမနေပါနဲ့
၁၈း၄၀	အင်္ဂလိပ်စကား ပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) (Better English)
၁၉း၁၅	ဇာတ်လမ်းပမာနားဆင်စရာ (အေးသောအရိပ်သာ ဖြစ်ပါစေချင်)
၁၉း၄၀	ဟန်မျိုးစုံညီ တေးကိုသီ (ငွေစင်ရော်-ဝင်းဦး၊ ရီရီသန့်၊ ပိုးအိစံ၊ ရာဇာဝင်းတင့်၊ အောင်ရင်)
၂၀း၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ချစ်ခဲ့ရသော နေ့တစ်နေ့ (၂) ပြောလိုက်ပါစန္ဒာ (၃) မေတ္တာဆိုတာခွင့်လွှတ်ခြင်း

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်း

ဟသ်ာတ မေ ၆

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဝင်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ သမားတော်ကြီးဦးဉာဏ်လွင်-ဒေါ်ငွေငွေ (ရွှေဘုရင်တိုင်းရင်းဆေးဝါးလုပ်ငန်း)မိသားစုက ဟသ်ာတ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာပါရမီဖောင်ဒေးရှင်းသို့ အလှူငွေနှင့် ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းသည့်အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီက ဟသ်ာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်က အမှာစကား ပြောကြားပြီး အလှူရှင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းဥက္ကဋ္ဌ သီရိသုဓမ္မဇောတိကဓဇ သမားတော်ကြီး ဦးဉာဏ်လွင်က အလှူငွေနှင့် စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပါရမီ ဖောင်ဒေးရှင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ဖောင်ဒေးရှင်းဘဏ္ဍာရေးမှူး ဦးအုန်းရွှေသို့လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ်ခုနစ်သိန်းခုနစ်သောင်းကျော်တန်ဖိုးရှိ စာအုပ်ပေါင်း၂၅၈၈အုပ်ကို ခရိုင်အတွင်းရေးမှူး ဦးညွန့်လှိုင်သို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ဆားလင်းကြီးမြို့၌ ကျင်းပ

ဆားလင်းကြီး မေ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ဆားလင်းကြီးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းရဲတပ်ဖွဲ့မှူး တင်မောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ခံကျောင်းအုပ် ဒေါ်မိုးသန္တာခိုင်က သင်တန်းတွင် ပို့ချသင်ပြမည့် ဘာသာရပ်များ တင်ပြသည်။

ပို့ချမည်

အဆိုပါ သင်တန်းကို ၁၄ ပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား ၅၀ တက်ရောက်သင်ကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာ စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်၊ စာစောင်၊ အလှူငွေများနှင့် ပရိဘောဂများလှူဒါန်းပွဲကို မေ ၁၀ ရက်က ဘိုးဘွားရိပ်သာ စိန်ရတုခန်းမဆောင်၌ ကျင်းပရာ ဆရာဦးသိန်းလွင်က စာအုပ်၊ စာစောင်များနှင့် ငွေကျပ်ငါးသောင်းကို ဘိုးဘွားရိပ်သာ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၆၄)

စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စံဌေး၊ စစ်တွေမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွင်၊ ခရိုင်နှင့် မြို့နယ်စိုက်ကြပ်မှုတာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၈ ရက်က စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာအုပ်စု လယ်သမားကြီး ဦးခင်မောင်လှနှင့် ဦးမောင်မောင်တို့၏ ရွှေရင်အေးနွေစပါး ၇၁ ဧကတွင် တစ်ဧက စံကွက်ရိတ်သိမ်း တိုင်းတာမှုကို ကွင်းဆင်းကြည့်ရှုကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပြန်/ဆက် ဦးစီးဌာန ရည်မှန်းချက်ရှင်းလင်း အားမာန်သစ်စာကြည့်တိုက်သို့ စာအုပ်မျိုးစုံလှူဒါန်း

မြင်းမူ မေ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် မေ ၄ရက်နံနက် ၁၁နာရီက မြင်းမူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိကာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၀၆-၂၀၀၇ခုနှစ် ရည်မှန်းချက်တာဝန်များကိုရှင်းလင်းကာ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ မှတ်ပုံတင်ရာနှုန်းပြည့်ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ တိုးပွားအောင် စည်းရုံးဆောင်ရွက်ရေး၊ စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ ရရှိနိုင်စေရန် စာကြည့်တိုက်ဆိုင်ရာပညာပေးဆင့်ပွားသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ တိုးချဲ့ဆောင်ရွက်ရေးတို့ကိုမှာကြားသည်။

ဆောင်ရွက်ချက်များတင်ပြ

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညိုအုန်းက ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုတင်ပြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ အားမာန်သစ် စာကြည့်တိုက်ကိုကြည့်ရှုအားပေးပြီး သုတရသစာအုပ် ၅၀ ကို လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးသောင်းလှိုင်က လက်ခံရယူကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင် သုံးခွ၌ စုပေါင်းစိုက်ပျိုး

သုံးခွ မေ ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၁၃ ရက်နံနက် ၇နာရီက သုံးခွမြို့အဝင်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိုက်ပျိုးခင်း၌လည်းကောင်း၊ ပျဉ်းမကန်စံပြကျေးရွာ ဆက်သွယ်ရေးလမ်းဘေးဝဲယာတွင်လည်းကောင်း စုပေါင်းစိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြသည်။

ခြံစည်းရိုးကြက်ဆူပင်တစ်ဧက အပင် ၁၂၀၀ ကို သုံးခွမြို့အဝင်တွင်လည်းကောင်း၊ ပျဉ်းမကန်စံပြကျေးရွာ လမ်းဘေးဝဲယာတွင် အပင် ၆၀၀၀ ကိုလည်းကောင်း စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့ သိမ်တော်ကြီးလမ်း ဇေယျဝံသ ပရိယတ္တိစာသင်တိုက်ဝင်းရှိ ကရုဏာ လူမှုကူညီရေးအသင်းသို့ ခင်ပွန်း ဦးကျင်စွီအား ရည်စူး၍ ဇနီး ဒေါ်ခင်သန်းမိသားစု အမှတ်(၃၂)အကောက်ဆိပ် ပုသိမ်မြို့က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၂၀၀၀၀ ပေးအပ်လှူဒါန်းရာ စာရင်းစစ် ဦးဝင်းကြည်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မီးသတ်တပ်ဖွဲ့နေ့ကျင်းပ ဂုဏ်ပြုမှတ်တမ်းပေးအပ်

ခင်ဦး မေ ၁၀

ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကို မေ၅ရက်က ကျင်းပရာ အခမ်းအနားသို့ မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့ တက်ရောက်၍ မီးသတ်တပ်ဖွဲ့နေ့အကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူး တင်မောင်သိန်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကို မေ ၁၆ ရက်က ရောဝတီတိုင်း ကျောင်းကုန်းမြို့ မြို့ဝင် တိုးဂိတ်အနီး စိုက်ပျိုးခင်း၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများ စိုက်ပျိုးမှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (၂၆၅)

ပုလဲမြို့၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ပုလဲ မေ ၆

ပုလဲမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက် ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက်နံနက် ၉နာရီက မင်းတိုင်ပင်စံပြကျေးရွာ ကင်းဝန်နွယ်ကျေး လက်ခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေမျိုးအေး က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးက စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဆင့်ပွားသင်တန်းသို့ မင်းတိုင်ပင်ကျေးရွာအုပ်စု အနီးရှိ ကျေးရွာ၁၇ ရွာမှ စာကြည့်တိုက်မှူးများနှင့် ကော်မတီဝင်သင်တန်းသားသင်တန်းသူ စုစုပေါင်း ၄၂ဦးတို့ တက်ရောက်ကြကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

နှစ် ၆၀ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မေ ၅ ရက်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်တွင် မော်လမြိုင်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၆၈)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၄ လမ်းနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးစိုင်းတင်စိုးသိန်း–ဒေါ်မိုးအောင်ဆန်း၊ သား စိုင်းသုတကျော်၊ စိုင်းစည်သူထက် မိသားစုတို့က ရောဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံ တစ်ဆူအတွက်အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။

(က–ပ)

ပေါင်းတည် မုစ္စလိန္ဒာနဂါးရုံဘုရား အနေကဇာတင်မင်္ဂလာကျင်းပ

ပေါင်းတည် မေ ၁၆

ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် သကျမုနိ မိုယ်းကောင်းဘုရားကြီး ပရိဝုဏ်အတွင်း၌ အသစ်တည်ထားပူဇော်သော မုစ္စလိန္ဒာနဂါးရုံဘုရား ဗုဒ္ဓရုပ်ပွားတော်အား အနေကဇာတင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ရက်က မုစ္စလိန္ဒာနဂါးရုံ ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဆရာတော်ဘဒ္ဒန္တ ပါရဂူ(မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သံဃာတော်ကိုးပါးတို့အား လှူဖွယ်ဝတ္ထုနဝကမ္မလှူဒါန်း၍ ဂေါပကအဖွဲ့နှင့် တက်ရောက်လာသူများက ရေစက်ချ တရားနာယူကြသည်။

မုစ္စလိန္ဒာနဂါးရုံဘုရားဗုဒ္ဓရုပ်ပွားတော်ကို **(ယာပုံ)** အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ–ဒေါ်ခင်ဝင်း မိသားစုက လှူဒါန်းပူဇော်၍ ပေါင်းတည်မြို့ ရွှေတောင်လမ်းနေ ဦးကြူဝမ်–ဒေါ်ကြင်ပိုင်သားသမီး မြေးမြစ်တစ်စုတို့က မုစ္စလိန္ဒာနဂါးရုပ်တုအတွက် ကုန်ကျငွေ ကျပ်သိန်းနှစ်ဆယ်ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းထံ ပေးအပ်လှူဒါန်းသည်။ **(၃၃၁)**

ဝက်လက်မြို့၌ ဘ၀အလင်းပြစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးရှင်းလင်း

ဝက်လက် မေ ၁၀

ဝက်လက်မြို့နယ် သရက်ကြီးကျေးရွာ ဘ၀အလင်းပြ စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၃၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘ၀အလင်းပြစာကြည့်တိုက်သို့ ဆရာတော်ဦးသာသနနှင့်မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးသန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးသန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းကြရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ဝင်းက ၁၀ အုပ်၊ မြို့နယ်တရားသူကြီး ဦးမြင့်အောင်က ဂျာနယ်၂၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၃၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးရင်မောင်ဦးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့ကကြီးမှူး၍ လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ပညာပေး ဟောပြောပွဲကို ဧပြီ၂၈ရက်က သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးညိုလှက ဟောပြောစဉ်။(မြို့နယ် ပြန်/ဆက်)

မိုင်းဇော့မြို့၌ ရုံးသစ်တက် ဆွမ်းဆက်ကပ်

မိုင်းဇော့ မေ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းဇော့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသောရုံးသစ်တက်မင်္ဂလာနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာပြုလုပ်သည့် အခမ်းအနားကို ဧပြီ ၂၅ရက် နံနက်၈နာရီက အဆိုပါရုံးသစ်တွင် ကျင်းပသည်။

ဆွမ်းဆက်ကပ်

အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ် ခုနစ်ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်မြို့ မိမြို့ဖများ စုပေါင်း၍ ပရိတ် တရားတော်နာ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မေ ၁၄ရက်က ရန်ကင်းမြို့နယ် ပါရမီရိပ်သာ နှင်းဆီလမ်း ခြံအမှတ် ၄၂(ခ)မလိခဦးလှချစ်–ဒေါ်ပုလဲမိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ နတ်လမ်းတစ်ခန်းအတွက် ငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား ဦးတင်ထွန်းမြင့်က ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာဘဏ္ဍာရေးမှူး ဦးကြီးမြင့်က လက်ခံယူစဉ်။ (၃၈၀)

အမျိုးသမီးများ အသိပညာပေးဆွေးနွေးပွဲ ကန့်ဘလူ၌ ကျင်းပ

ကန့်ဘလူ မေ ၉

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးများအသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် မွန်းလွဲ ၁နာရီက ဆိပ်ဖူးမြောင် စံပြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်က အဖွင့် အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းစန်းနွယ်က လူမှောင်ခိုကုန်ကူးခြင်းကိစ္စရပ်များကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာဖုန်းနိုင်က သားအိမ်ကင်ဆာအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝိုင်းမော်မြို့နယ် မိုးစပါးစိမ်းကိန်း တာဝန်ပေးအပ်

ဝိုင်းမော် မေ ၁၀

၂၀၀၆–၂၀၀၇မိုးစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ရက်မွန်းလွဲ ၁နာရီက ဝိုင်းမော်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေ၊ မြို့နယ်အတွင်းရေးမှူး ဦးကျော်ခိုင်ထွန်းနှင့်အဖွဲ့ဝင်(၂) ဦးကိုကိုကြီးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက ကျေးရွာဥက္ကဋ္ဌများအား မိုးစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။
၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုး ရန်အတွက်မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေး ဖွင့်ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိအမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်–

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

သတ်မှတ်ကာလအတွင်းအချိန်မီ ပြီးစီးအောင် တံတားလုပ်ငန်းများတစ်ပြိုင်တည်း စီမံဆောင်ရွက်

ရန်ကုန် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် တွံတေးတံတားမှတစ်ဆင့် လှိုင်သာယာ-ကန်ဘဲ့-တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ ဖျာပုံတံတား ဒေးဒရဲဘက်ကမ်းစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။ စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၇)တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ Asia World ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဆိပ်ကမ်းသို့ ရောက်ရှိလာသော ကုန်သေတ္တာများအား အသစ်တပ်ဆင်ပြီးသော X-RAY စက်ဖြင့် စစ်ဆေးလျက်ရှိ

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် တာဝန်ရှိသူများက ဆိပ်ကမ်းသို့ ပြည်ပမှရောက်ရှိလာသည့် ကုန်သေတ္တာများကို ဖွင့်ဖောက်စစ်ဆေးသည့်အခြေအနေများကို ပြသရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဆိပ်ကမ်းသိုလှောင်ရုံ၌ ရောက်ရှိနေသော ကုန်ပစ္စည်းများအား သိုလှောင်သိမ်းဆည်းထားမှုကို လိုက်လံရှင်းလင်းပြသကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ကုန်သေတ္တာများကို စစ်ဆေးသည့် X-RAY စက်ကိုလည်းကောင်း၊ ပြည်ပပို့ကုန် အိတ်သွတ်ကုန်ပစ္စည်းများကို ကုန်သေတ္တာတွင်း ထည့်သွင်းမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၂ ❐

ရွှေဘိုခရိုင် ရှမ်းမကားတိုက်နယ်ဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ဆရာဝန်ကြီးများက ဤသို့ ခွဲစိတ်ကုသပေးခဲ့ကြသည်။ (ဓာတ်ပုံ-မျက်စိအထူးကုဆေးရုံ)

မိုးလေဝသအခြေအနေ (မေ ၂၄ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ စက္ခုပါလဒါန ကုသိုလ်ပွဲ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရှမ်းမကားတိုက်နယ်မှ မျက်စိဝေဒနာရှင် ရဟန်းရှင်လူ ပြည်သူများ စက္ခုနှစ်ကွင်း အလင်းဆောင်နိုင်ခဲ့ကြပြီ

သတင်းဆောင်းပါး
မြင့်မောင်စိုး

ဓာတ်ပုံ
မျက်စိအထူးကုဆေးရုံ

ရန်ကုန် မေ ၂၃

အလှူတကာ့ အလှူများတွင် ဆေးအလှူ၊ ကျန်းမာရေးစောင့်ရှောက်မှု အလှူများသည် ထူးကဲမွန်မြတ်သောအလှူများဖြစ်ပေလိမ့်မည်။ ချို့တဲ့နွမ်းပါးသူများအား ဆေးလှူဒါန်းခြင်း၊ ဆေးကုသမှုများ ပြုလုပ်ခြင်းဖြင့် ကုသိုလ်ပြုခြင်းတို့မှာ မြင့်မြတ်သောအလှူများပင်ဖြစ်သည်။

ထိုသို့ မြင့်မြတ်သော အလှူတစ်လှူကိုပြုခဲ့သော စက္ခုပါလဒါန ကုသိုလ်ရှင်ဖြစ်သော ရန်ကုန်အရှေ့ပိုင်းခရိုင် မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာဦးအေးကိုနှင့်အဖွဲ့အား သွားရောက်ကာ လှူဒါန်းခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုအလှူနှင့် ပတ်သက်၍ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) တွင် မေ ၂၃ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်နေကြစဉ်။

(သတင်းအကျယ် စာ-၆)
(မြန်မာ့အလင်း)